
FIRE

George R. Stewart

# FIRE



# တက်တိုး

တောမီး



George R. Stewart

# FIRE

တောမီးများက သစ်တောရှိသည့်နေရာအနှံ့
လောင်မြိုက်လောင်နေမည်ဖြစ်ရာ
ပျက်စီးပြုန်းတီးခြင်းမှ မတားဆီးနိုင်လျှင်
အချိန်ကြာသော် သစ်တောရှိတော့မည် မဟုတ်ချေ။
သစ်ပင်များမှာ ယခုစိုက် ယခုသုံးနိုင်သော
အရာများ မဟုတ်ရကား...

TT0017
2,300.00 KS

mgyoe.com

တောမီး၊ တက်တိုး
စာမျက်နှာ ၁၈၃ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
ရှမဝစာအုပ်တိုက်၏ ပထမအကြိမ်မှူ၊ (၁၉၄၈ ခုနှစ်)

ရောင်းဈေး ၂၃၀၀ ကျပ်


*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တောမီး
# FIRE
## George R.Stewart
## တက်တိုး
မြန်မာပြန်




ဒုတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အခန်း (၁)

**ပထမနေ့**

တောမီးကို စောင့်ကြည့်ရသော မျှော်စင်ပေါ်မှ မိန်းမပျိုကလေးသည် အသံဖမ်းစက်ကို ကောင်းစွာ မကြားရတော့သဖြင့် ခလုတ်ကို ပိတ်လိုက်ရလေ၏။ အသံဖမ်းစက်မှ အသံပျက်နေပုံကို ထောက်သော် တစ်နေရာရာ၌ လေပြင်းမုန်တိုင်းကျ၍နေပြီဟု ထင်ရလေ၏။ ထိုခဏ၌ ပင်လျှင် တယ်လီဖုန်း ခေါင်းလောင်းသံ ကြားရသဖြင့် ကောက်ယူနားထောင်ရပြန်၏။

"စယ်ရိုဂေါ်ဒိုမျှော်စင်က စကားပြောနေပါတယ်ရှင်"

"ဟော့ ဂျူဒစ်" တယ်လီဖုန်းမှအသံကို မိန်းမပျိုကလေး ချက်ချင်းမှတ်မိလေသည်။ ၎င်းမှာ မိမိနယ်မှ နယ်စီးတောအုပ် ဖြစ်၏။

"ဩော်... ဘတ်လား၊ ဟယ်လို"

"ဒီမှာ ဂျူဒစ်၊ တို့နယ်ထဲမှာ လေကျနေတယ်နော်၊ တောင်ဘက်ပိုင်းကစပြီး လာနေတယ်။ တစ်နေ့ကပဲ ဆီကိုဝါရောမှာ မိုးကြိုးပစ်ပြီး မီးလောင်သွားလို့၊ တော်တော်ဒုက္ခရောက်သွားတယ်။ အခုလည်း တို့နယ်

mgyoe.com

mgyoe.com


ဘက်ကို လာနေတယ် ထင်တာပဲ။ ဒါပေမဲ့ သိပ်ဆိုးလိမ့်မယ်တော့ မထင်ပါဘူး။ မင်းကြောက်နေမှာ..."

"ဒီမှာ ဘတ်၊ ကျွန်မ အသက် ၂၁ နှစ်ရှိပြီရှင့်..."

"အေးပါကွယ် ငါသိပါတယ်၊ ဒါပေမဲ့ မင်းကြောက်နေမှာ စိုးရိမ်လို့ပါ။ ပေခြောက်ဆယ်မြင့်တဲ့ မျှော်စင်ကြီးပေါ်မှာ နေရတယ်ဆိုတော့ စိတ်ငယ်နေမလားလို့"

"ကျွန်မ သိပါတယ်။ တကယ်လို့ ကျွန်မမျှော်စင်ရဲ့တစ်မိုင်အတွင်းမှာ မိုးကြိုးပစ်မယ်ဆိုရင် ခလုတ်ကလေး နှိပ်လိုက်ရုံပဲ၊ နောက်ပြီးတော့ ဓာတ်မလိုက်အောင် ဖန်ခြေထောက်နဲ့ ခွေးခြေကလေးပေါ်မှာ တက်ပြီးနေရမယ် မဟုတ်လား။ ဒါတွေ စာအုပ်ထဲမှာ အကုန်အပါသားပဲ"

"အေးအေး အတော်သားပဲ၊ ဒါထက် မင်းဟာ ပွန်ဒရိုစာ အမျိုးသားသစ်တောမီးစောင့်နေရတယ်ဆိုတာ မမေ့နဲ့၊ မိုးကြိုးပစ်သံကြားတိုင်း စက်ကလေးကို လှည့်ပြီး နေရာကိုရှာကြည့်နော်၊ နေရာကို မှတ်မှတ်ပြီး တို့ဆီကိုအကြောင်းကြား၊ သိလား...၊ အချိန်ကိုလည်း မှတ်ထားပါ။ ဒါပါပဲ ငါလည်း တခြားမျှော်စင်တွေကို စကားပြောစရာ ရှိသေးတယ်..."

မိန်းမပျိုကလေးသည် တယ်လီဖုန်းကို ပြန်၍ချိတ်ထားလိုက်၏။ ဤမျှော်စင်စောင့်အလုပ်တွင် ဝင်ရောက်သည်မှာ ၁၄–၅ ရက်မျှသာ ရှိသေးသည်ဖြစ်ရာ ဤသို့ လေတွေကျပြီး မိုးကြိုးများပင် ပစ်နေသည်ဟု ကြားရသောအခါ ရင်ကလေးပင် ဖို၍လာတော့၏။ မိုးကြိုးပစ်ပြီး တောထဲ၌ မီးစွဲလောင်သည်ကို တစ်ကြိမ်နှစ်ကြိမ်ဆိုသလို တွေ့မြင်ဖူးပြီးဖြစ်သော်လည်း မိမိနယ်တွင်းမှာ မဟုတ်ဘဲ အဝေးတွင်ဖြစ်သောကြောင့် သိပ်ပြီး ဂရုမစိုက်မိခဲ့ချေ။ သို့ရာတွင် ယခုအကြိမ်မှာ မိမိနယ်ဆီသို့ ဦးတိုက်၍ လေကျနေသည်ဆိုသဖြင့် ရင်ကလေးဖိုမိရှာလေသည်။

မကြာမီ မျှော်စင် ပတ်ပတ်လည်ဝိုင်းနေသော ဝရန်တာသို့ ထွက်

mgyoe.com

mgyoe.com


လာခဲ့ပြီး လေလာရာ တောင်ဘက်သို့ မျှော်ကြည့်မိ၏။ ထိုသို့ တောင်ဘက်စူးစူးသို့ မကြည့်သေးမီ အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်သို့ပါ ကြည့်ခဲ့လေသည်။ ထိုအရပ်များ၌ ထူးထူးခြားခြား ဘာမျှမတွေ့ရချေ။ တောင်ဘက်ဆီတွင်ကား ထင်းရှူးတောကြီးသည် လေကြောင့် ထိုမှဤမှယိမ်း၍နေသည်ကို တွေ့ရ၏။

သို့ရာတွင် မျက်စိတစ်ဆုံး တောကြီးပေါ်ရှိ ကောင်းကင်ပြင်မှာ မိုးသားများ အခါတိုင်းကဲ့သို့ပင် ရှိသည်ကို တွေ့ရ၏။ ဆီရာနီဗာဒါ တောင်တန်းကြီး မြောက်ပိုင်းတွင်ရှိသောနယ်ဖြစ်ရာ အတိုင်းအဆမရှိ ကြီးမားသော တောကြီး၏အလယ်၊ ဟိုနေရာ သည်နေရာတွင် တောင်များကို ငုပ်ချည်ပေါ်ချည် မြင်နေရ၏။

ဂျူဒစ်သည် မှန်ဘီလူးများကို မျက်စိတွင်ကပ်ကာ ကြည့်ပြန်၏။ တောင်များကို ပို၍နီးကပ်စွာ မြင်ရသည်မှန်သော်လည်း ကောင်းကင်တွင် ဘာမျှမထူးခြားသေးကြောင်း တွေ့ရသဖြင့်၊ မှန်ဘီလူးကို ပြန်၍ချထားလိုက်လေသည်။

လေမှာ ငြိမ်၍နေလေရာ၊ အိုက်၍လာသဖြင့် ဂျူဒစ်သည် မိမိဝတ်ထားသော ယောကျ်ားဝတ်ရှပ်အင်္ကျီ လည်ပင်းကြယ်သီးကို ဖြုတ်လိုက်ရလေ၏။ ဤအချိန်တွင် လေငြိမ်နေသည်မှာ ထူးခြားသည်ဟု ထင်မိလေသည်။

အနောက်ဘက်သို့လျှောက်သွားပြီး တောကြီးဆီသို့ မျှော်ကြည့်မိပြန်ရာ တောင်ခြေဆီမှ မီးခိုးတလူလူ ကောင်းကင်သို့ တက်နေသည်ကို တွေ့ရ၏။ သို့ရာတွင် ထိုမီးခိုးမှာ ထူးခြားသည်မဟုတ်ဘဲ၊ တောင်ခြေရှိ 'မဂ္ဂနာ' သစ်စက်ခေါင်းတိုင်မှ ထွက်သော မီးခိုးသာဖြစ်လေသည်။

အနောက်ဘက် စကြိုသို့လျှောက်သွားရာ၊ နေ၏အရှိန်ဖြင့် သာ၍ပင် ပူလာပြန်လေသည်။ အပူသက်သာစေရန် အရှေ့ဘက် စကြို

mgyoe.com

mgyoe.com


သို့လှည့်၍ ပြန်ခဲ့ရ၏။ အရှေ့ဘက်သို့ရောက်သောအခါ လေအေး ကလေး ရုတ်တရက် တိုက်ခတ်လာသောကြောင့် အပူမှသက်သာ ရာရ လေသည်။ ထိုအခါ ဂျူဒစ်သည် တောင်ဘက်ဆီသို့ ရုတ်တရက် လှည့် ကြည့်မိလေတော့၏။ မကြာမီက မထူးခြားဟု ထင်ရသော ကောင်းကင် တွင် မည်းမည်းတိမ်တိုက်တစ်ခုကို တွေ့ရှိသဖြင့် ဂျူဒစ်သည် ထိုတိမ် တိုက်ကို စူးစိုက်ကြည့်ရှုမိလေသည်။ ထိုတိမ်တိုက်သည် မိမိမြှော်စင် ဆီသို့ ပို၍နီးကပ်လာသည်ဟုလည်း ထင်ရလေသည်။

ဂျူဒစ်သည် ကပျာကယာ မြှော်စင်အတွင်းသို့ ပြန်ဝင်သွားပြီးလျှင်၊ နေရာရှာသော ကိရိယာကလေးကို ထိုမှဤမှ လှည့်၍ ရှာကြည့်လေ သည်။ ထိုတိမ်တိုက်ရှိရာဆီသို့ ချိန်ကြည့်ပြီးနောက်၊ ဂဏန်းကွက်များကို အသံများထွက်အောင်ပင် ဖတ်၏။ ထိုဂဏန်းများအရ တိမ်တိုက်မှာ အရှေ့တောင်ယွန်းယွန်းဆီမှ လာနေသည်ကို သိရသော်လည်း မည်မျှ ဝေးသေး၍ မည်မျှလျင်မြန်စွာ လာနေသည်ကိုမူကား အသေအချာ မသိနိုင်ချေ။ ဤတွင် မကြာမီက တယ်လီဖုန်းဖြင့် သတိပေးလိုက်သော တောအုပ်၏စကားများအရ လေသည် မိမိတို့စယ်ရီဂေါ်ဒိုတောသို့ ညနေ မစောင်းမီ ရောက်ရှိလာဖွယ်ရာရှိသည်ကို သွား၍ သတိရမိလေသည်။ မိမိမြှော်စင်သို့ရောက်ကောင်းရောက်လာပေမည်။

* * *

"ပွန်ဒါရိုစာ အမျိုးသားသစ်တော" တွင် နောက်ဆုံး မိုးရွာခဲ့သော အချိန်မှာ မေလအတွင်းကဖြစ်၏။ ယခု စက်တင်ဘာလသို့ ရောက်လေ ပြီ။ နွေရာသီ၌ ကယ်လီဖိုးနီးယားနယ်တွင် မိုးမရွာသည်မှာ ထူးဆန်း သောအချက်မဟုတ်ချေ။ သို့ရာတွင် ဤသို့ မိုးပါသဖြင့် စိုးရိမ်စရာမရှိ ဟူ၍လည်း တထစ်ချ မယူဆနိုင်ချေ။

mgyoe.com

mgyoe.com


ကောင်းကင်၌ မိုးသားများ ပို၍မည်းနက်လာပြီး၊ ထိုတောအုပ်ကြီးပေါ်သို့ လွှမ်းခြုံသွားတော့၏။ ဆားဖော့နှင့် ဘာလိုနယ်များရှိ မျှော်စင် ၅ ခုစလုံးမှ မျှော်စင်စောင့်များသည် ထိုမိုးသားများကို ဂရုပြု၍ ကြည့်နေရတော့၏။ ညနေ ၄ နာရီအချိန်ဖြစ်ရာ၊ ထိုမိုးသားများကို အဆိုပါ နယ်များမှ မျှော်စင်စောင့်များက ဆေးတိုက် ကောင်းစွာမြင်ရ၏။ လပ်ဗားစ်လီ၊ ဟော့စ်–မောင်းတိန်း စသော နယ်များပေါ်၌ မိုးသားများ ဖြတ်၍ သွားနေရာ၊ ကြည့်ရင်းကြည့်ရင်း ပို၍မည်းလာသဖြင့် မိုးကြီး အကြီးအကျယ် ရွာချတော့မည်ကဲ့သို့ ရှိနေလေသည်။ စယ်ရိဂေါ်ဒိုတွင် မူကား ဂျူဒစ်သည် ထိုမိုးသားများကို မျှော်ကြည့်ရင်း ငေး၍နေမိလေသည်။ ထိုတိမ်တိုက်အတွင်းမှ မိုးပေါက်များ ရွာချလိုက်သော်လည်း အောက်မှ လေက ပြန်၍ ပင့်တင်လိုက်သဖြင့် မြေသို့မကျဘဲ ကောင်းကင်ပြင်တွင်သာ ရှန်းရင်းဆန်ခတ်ဖြစ်နေ၏။ ဤနည်းအားဖြင့် ကောင်းကင်၌ လျှပ်စစ်ဓာတ်အားဖြစ်ပေါ်လာလေရာ၊ အပေါ်ယံ လေထုက ဓာတ်ဖို ဖြစ်၍၊ အောက်မှ လေထုက ဓာတ်မ ဖြစ်လေသည်။ အောက်ပိုင်းမှ လေက အပေါ်ပိုင်းရှိ ဓာတ်ဖိုအားကို မြေပြင်သို့ရောက်အောင် ဆွဲဆောင်နေသည်ဖြစ်ရာ၊ အောက်ပိုင်းလေထု တိုက်ခတ်နေရာဖြစ်သော မြေပြင်ရှိ တောတစ်လျှောက် တောင်တစ်လျှောက်တွင် လျှပ်စစ်ဓာတ်ဝင်၍ နေလေပြီ။

မိုးသားများမှာ တဝုန်းဝုန်း ထစ်ချုန်းကာ၊ လေယူရာသို့ ပါ၍လာလေလေ၊ အခြေအနေမှာ ပို၍ဆိုးလေဖြစ်လာ၏။ တောကြီးတစ်လျှောက်၌ လျှပ်စစ်ဓာတ်မှာ ဗို့အား သန်းပေါင်းများစွာဖြစ်ပေါ်၍နေချေပြီ။ တောင်တန်းများဆီ၌ ထိုမှဤမှ လျှပ်ပြက်လာပြီကို တွေ့ရပြီး နောက်ဆုံး၌ တစ်တောလုံး တစ်တောင်လုံး ဟိန်း၍သွားသော မိုးကြိုးပစ်သံကြီးကို ကြားလိုက်ရ၏။ ထိုအသံကြီးကို ကြားရပြီးလျှင် အလင်းရောင်ကို

mgyoe.com

mgyoe.com


ရုတ်တရက် တွေ့လိုက်ရသဖြင့် ဂျူဒစ်မှာ မျက်စိများ ပြာပြီး၊ မိုက်ခနဲ ဖြစ်သွားလေ၏။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ လာပြီးနောက် မိုးကြိုးလွှဲလွဲသော ခုံကလေးပေါ်သို့ ပြေးတက်မိရှာလေသည်။ မနီးမဝေး ဆီမှ သစ်ပင်ကြီးတစ်ပင် ဝုန်းခနဲ လဲ၍ သွားသံကို ကြားလိုက်ရာ မိုးကြိုး ပစ်သော နေရာမှာ မိမိနှင့်ကပ်၍ နေကြောင်းကို ကောင်းစွာ သိရလေ၏။

မိနစ်ဝက်ခန့် ကြာသွားမှ အကြောက်ပြေကာ မိုးကြိုးပစ်ချသော နေရာကို ကိရိယာကလေး၌ ရှာပြီး မှတ်တမ်းတွင် ရေးမှတ်ထားလိုက်၏။ သို့ရေးမှတ်နေစဉ်ပင် ခပ်ဝေးဝေးမှ နောက်ထပ် နှစ်ကြိမ်တိုင်တိုင် မိုးကြိုး ပစ်သံ ကြားလိုက်ရပြန်လေ၏။ အဝေးသို့မျှော်ကြည့်လိုက်သောအခါ မိုးမင်းမှာ စိတ်ကျေနပ်သွားသည့်အလား ကောင်းကင်တွင် အနည်းငယ် ကြည်လင်လာ၍ မိုးများရွာချနေသည်ကို တွေ့ရလေ၏။ မိုးရွာနေသော နေရာမှာ အရှေ့ဘက်ဆီတွင် ဖြစ်လေသည်။

သို့ရာတွင် အန်နီယံချောင်း တောင်ဘက်ကမ်းရှိ ဟိုးဝဲလ်တောင် ဆီသို့ မိုးသားများ ညို့ပြီးတက်လာပြန်၏။ ထိုနေရာတွင် ‘ဂျက်ဖရေးပိုင်း’ ခေါ် အကောင်းစား ထင်းရှူးပင်များ သန်စွမ်းစွာ ပေါက်၏။ ဟိုးဝဲလ် တောင်စောင်းတွင် ဂျက်ဖရေးထင်းရှူးပင်ကြီးတစ်ပင်မှာ အခြားအပင်များ ထက် မြင့်မားစွာ ကောင်းကင်သို့ ထိုးတက်နေသည်ဖြစ်ရာ ထိုအပင်ထိပ် ဖျားမှာ ညို့နေသောမိုးသားများသို့ ထိလုနီးပါးရှိနေ၏။ အထက်၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကောင်းကင်မှ လျှပ်စစ်ဓာတ်မှာ ထိုတောတောင် တစ်ကြောရှိ မြေ၌ ဓာတ်လိုက်နေပြီဖြစ်ရာ၊ ထိုသစ်ပင်ကြီးသည် ကောင်းကင်နှင့် မြေပြင်ကို လျှပ်စစ်ဓာတ် ဆက်သွယ်၍ ပေးနေသလို ရှိတော့၏။

မျက်စိတစ်မှိတ်အတွင်း ကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံး တုန်ဟည်း ၍သွားပြီးနောက် ဝင်းခနဲ မြင်လိုက်ရပြန်လေသည်။ ဒုတိယအကြိမ်

mgyoe.com

mgyoe.com


မိုးကြိုးပစ်ပြန်လေပြီ။

စယ်ရိုဂေါ်ဒိုမျှော်စင်စောင့်မကလေး ဂျူဒစ်သည် စက်ကလေးကို တစ်ဖန် ပြန်၍လှည့်ပြီး မိုးကြိုးပစ်ချသောနေရာကို ရှာရပြန်၏။ နေရာကို တွေ့သောအခါ "ဆယ်မိုင်ဝေးသည်။ အချိန် ၄ နာရီ ၁၂ မိနစ် ဒီဂရီ ၆၅" ဟု မှတ်တမ်းစာအုပ်၌ ရေးမှတ်ထားလိုက်၏။ သို့ရေးနေစဉ်ပင်၊ အပြင်၌ မြေပြိုတော့မလို တဝုန်းဝုန်း မိုးသံတွေ ဆူညံနေလေသည်။ နောက်မှ တဖြည်းဖြည်း မိုးခြိမ်းသံများစဲသွားပြီး ငြိမ်၍သွား၏။ ဂျူဒစ်သည် ထိုအခါမှ စီးကရက်ကလေးတစ်လိပ်ကို မီးညှိ၍ ဖွာနိုင်ရှာလေတော့သည်။ တစ်နာရီကျော်ကျော် ထိတ်လန့်တုန်လှုပ်နေခဲ့ပြီးနောက်၊ မိုးသံငြိမ်ပြီး အကြောက်ပြေသွားသောအခါ ခြေကုန်လက်ပန်းကျ၍ သွားရှာလေတော့သတည်း။

မိုးကြိုးအပစ်ခံရသော သစ်ပင်ခြေရင်းတွင်ကား၊ သစ်ကိုင်းခြောက်များကို မိုးကြိုးလက်နက်ဖြင့် မီးစွဲလေပြီ။ သစ်ကိုင်းခြောက်များစုဝေးနေရာမှာ လေကြောင်းတည့်နေပြန်သောကြောင့် မီးနှင့်လေ အဆင်သင့်နေရာ မီးတောက်ပင် မထသေးစေကာမူ တငွေ့ငွေ့ဖြင့် မီးခိုးတလူလူထနေ၏။ ထိုအငွေ့ကလေးမှာ စီးကရက်တိုကလေးကို တော်ရာသို့ လွှင့်ပစ်လိုက်ရာတွင် သေလုနီးမီးမှ ထ၍လွန့်တက်သော မီးခိုးညွန့်ကလေး ပမာဏမျှသာ ရှိလေသည်။

❒

mgyoe.com

mgyoe.com

# အခန်း (၂)

ဒုတိယနေ့

ပြီးခဲ့သောအခန်း၌ ဖော်ပြခဲ့သော အဖြစ်အပျက်များ ဖြစ်ပွားပြီး နောက်တစ်နေ့ နံနက်တွင် 'ပွန်ဒါရိုစာအမျိုးသားတော' ၏ တာဝန်ခံ အရာရှိဖြစ်သော သစ်တောဝန်ထောက်သည် ဆပ်ဖော့မြို့ မိမိနေအိမ်မှ ရုံးသို့သွားရန် ဇနီးဖြစ်သူနှင့် သမီးငယ်ကလေးနှစ်ယောက်အား နှုတ်ဆက် ပြီး ထွက်လာခဲ့လေသည်။ ထိုနေ့ နံနက်မှာ နေသာ၍နေသည်ဖြစ်သော ကြောင့် ဝန်ထောက်မင်းသည် မိမိမျက်စိများကို နေရောင်မဟပ်စေရန် ဦးထုပ်ကြီးကို မျက်နှာဖုံးအောင် ရှေ့သို့ဆွဲ၍ ဆောင်းထားသည်ကို တွေ့ရ၏။ ၎င်းဝတ်၍ထားသော ယူနီဖောင်းအစိမ်းမှာ သန့်သန့်ရှင်းရှင်း နှင့် ကြည့်ကောင်းလှ၏။ ၎င်းကို ကြည့်ရခြင်းအားဖြင့်၊ လောကတွင် အပူအပင်ဟူ၍ ဘာမျှမရှိ သောသူတစ်ဦးဟု ထင်မှတ်စရာပင် ဖြစ်လေ သည်။

မကြာမီ သစ်တောဌာနတံဆိပ်ဖြင့် ကားတစ်စီးသည် ဝန်ထောက် ၏ဘေးမှ ဖြတ်မောင်းသွား၏။

mgyoe.com

mgyoe.com



"အို… ဝန်ထောက်မင်းပါကလား" ဟု ကားမောင်းသူက လှမ်း၍ နှုတ်ဆက်ရာ ဝန်ထောက်မင်းလည်း "ဩော်… ဟုတ်ကဲ့" ဟုသာ ပြန်၍ ဝတ်ကျေဝတ်ကုန် နှုတ်ဆက်လိုက်ရသော်လည်း ထိုကားမောင်းသူ၏ အမည်ကို ပါးစပ်ဖျားကလေးတွင် မေ့နေပြီး ဖော်၍ မရချေ။ ဤသို့ "ဝန်ထောက်မင်း" ဟု နှုတ်ဆက်သွားသဖြင့်လည်း စိတ်ထဲ၌ အနေကျပ်သွား၏။ မိမိသည် ဤရာထူးတွင် ထမ်းရွက်နေသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ရာ လက်အောက်ငယ်သားများက မိမိအား အမည်ကိုဖော်ထုတ်၍ "မစ္စတာဂျုံးစ်" ဟု ခေါ်ဝေါ်လေ့ရှိသည်ကို တွေ့ရှိ၏။ စစ်အပြီးတပ်များမှ ထွက်၍လာကြသော လူငယ်များက အထူးသဖြင့် "ခင်ဗျား" ဟု တရိုတသေ နှုတ်ဆက်စကား ပြောလေ့ရှိကြလေသည်။ မိမိအား လက်အောက် အရာရှိများက ရင်းရင်းနှီးနှီး ငယ်နာမည်ဖြင့် မည်သူမျှမခေါ်ကြချေ။

ရုံးသို့ရောက်သောအခါ မစ္စတာဂျုံးစ်သည် လှေကားခြောက်ထစ်ကို မိမိခြေတံရှည်ကြီးများနှင့် သုံးကြိမ်သာ လှမ်းပြီး အပေါ်သို့ ရောက်အောင် တက်ခဲ့၏။

"ဂွတ်မောနင်း၊ ဝန်ထောက်မင်း" ဟု တယ်လီဖုန်းစာရေးမကလေးက လှမ်း၍ နှုတ်ဆက်သဖြင့်…

"ဂွတ်မောနင်း ဂျက်ကီ" ဟု ပြန်ပြီး နှုတ်ဆက်ကာ မိမိအခန်းထဲသို့ ဝင်ခဲ့လေသည်။

မိမိ အခန်းထဲမှနေပြီးလျှင် တယ်လီဖုန်း စာရေးမကလေး ဂျက်ကီက တယ်လီဖုန်းမှ စကားပြောနေသည်ကို တစ်စွန်းတစ်စ ကြားရခြင်းအားဖြင့် သစ်တောမျှော်စင်များမှနေပြီး မျှော်စင်စောင့်များက ရုံးသို့လှမ်း၍ အစီရင်ခံနေကြပြီကို သိရလေ၏။ မစ္စတာဂျုံးစ်သည် မိမိရှေ့တည့်တည့် နံရံတွင် ချိတ်၍ထားသော သစ်တောမြေပုံအသစ်ကို စိုက်၍ကြည့်နေမိလေသည်။ မိမိပိုင်နက်ဖြစ်သော ပွန်ဒါရိုစာသစ်တောမြေပုံမှာ၊ နိုင်ငံရေး

 mgyoe.com 

နယ်နှင့် မဆီလျော်သည်သာမက ပထဝီမြေပုံရိုးရိုးနှင့်လည်း မတူညီသည်ကို တွေ့ရ၏။ ထိုသစ်တောနယ်ကို ခရစ်နှစ် ၁၉၀၀ ကျော်ကျော်က အမေရိကန်သမ္မတတစ်ဦး၏အမိန့်ဖြင့် ဖွင့်လှစ်ခဲ့ရာ၊ ဆီရာနေဗာဒါတောင်တန်း၏ တစ်ဖက်တစ်ချက်ရှိ ကယ်လီဖိုးနီးယားပြည်နယ် အတွင်းမှ ကောင်တီနယ် ၃ နယ်ကို ခွပြီး တည်ရှိနေ၏။ နယ်နိမိတ်မှာလည်း ဖြောင့်ဖြောင့်တန်းတန်း မရှိလှဘဲ လွှသွားသဏ္ဍာန် အချွန်အတက်များလှသည်ကို တွေ့ရလေသည်။ ထိုသစ်တော၏ ဧရိယာမှာ၊ မြေပုံအရ ၁၀၉၁၉၀၄ ဧကဖြစ်ရာ၊ စတုရန်းမိုင်ပေါင်း ၁၇၀၀ ကျော်ရှိလေသည်။ မစ္စတာဂျုံးသည် တယ်လီဖုန်းဖြင့် ခန့်ခွဲရေးအရာရှိ စာရေး မစ္စတာအာနိုးလ်ကို ခေါ်ပြီးနောက်...

"မစ္စတာအာနိုးလ် မနေ့က မိုးကြိုးတွေပစ်ပြီး၊ ဘာများ အကြောင်းထူးသေးသလဲ"

"ကျွန်တော်တို့ မှတ်တမ်းများအရ မိုးကြိုးခုနစ်ကြိမ်ပစ်ကြောင်း သိရပါတယ်။ မိုးကြိုးပစ်တာဟာ ခုနစ်ခါစလုံးပဲ၊ 'ဘာလို' နဲ့ 'ရှီဘာ' နယ်တွေမှာ ပစ်ပါတယ်။ အခုထိတော့ တောမီးတစ်ခါတည်းပဲ လောင်တယ်လို့ သိရှိပါသေးတယ်။ ဘာမှအပျက်အစီး မရှိပါဘူး။ သစ်ပင်ခြောက်ကြီးတစ်ပင်ကို လောင်တာပါ။ ရှီဘာနယ်က ကျွန်တော်တို့ဌာန အလုပ်သမားတွေ သွားသတ်ကြလို့ မီးသေသွားပါပြီ။ နောက်တစ်ချက်ပစ်တဲ့နေရာက "စယ်ရီဂေါ်ဒို" နယ် အထက်ပိုင်းမှ သစ်ပင်ကြီးတစ်ပင်ဖြစ်ပါတယ်။ မီးမလောင်ဘူးလို့ သိရပါတယ်..."

"ဒါဖြင့်ရင် ကျန်တဲ့ငါးခါက ဘယ်နေရာတွေမှာ ပစ်တာလဲ"

"အဲဒီငါးခါပစ်တဲ့အနက် လေးခါကတော့ ကျွန်တော်တို့ လူတွေနဲ့နီးတဲ့နေရာမို့ ကိစ္စမရှိပါဘူး။ မီး ထင်းကိစ္စဆိုရင်လည်း ရောက်ဖို့လွယ်ပါတယ်။ ကျွန်တော် နည်းနည်းစိုးရိမ်နေတာက "အန်းနီးယန်း" ချောင်းဆီ

mgyoe.com



မှာ ပစ်တဲ့မိုးကြိုးကို စိုးရိမ်ပါတယ်..."

"နေရာကို သိသလား"

"သိပါတယ်၊ စယ်ရိုဂေါ်ဒိုမျှော်စင်နဲ့၊ ဟော့စ်မောင်းတိန်း မျှော်စင်တွေက သတင်းပို့ပါတယ်။ သူတို့နှစ်ယောက်စလုံးကပဲ အန်းနီးယန်းချောင်း မြောက်ဘက်ကမ်းရိုးတန်းမှာ ဖြစ်တယ်လို့ သတင်းပေးကြပါတယ်"

ဤတွင် မစ္စတာဂျုံးစ်သည် အနည်းငယ် စဉ်းစားပြီးနောက် ဆက်လက်၍ "အဲဒီနေရာမှာ အစောင့်အရှောက်မရှိဘူး မဟုတ်ဘူးလား"

"မှန်ပါတယ်၊ ဒါပေမဲ့ စယ်ရိုဂေါ်ဒိုမျှော်စင်က လှမ်းပြီး မြင်နိုင်တဲ့ နေရာပါ"

"ဒါဖြင့်ရင် အဲဒီနေရာကို နက်ဖြန်ခါ ခင်ဗျားလေယာဉ်ပျံနဲ့ သွားကြည့်ပါ"

"ဟုတ်ကဲ့၊ အခုတော့ လေယာဉ်ပျံ မအားသေးပါဘူး၊ တာပဟိုးနယ်ဘက်မှာ မိုးကြိုးပစ်တာ ပိုများလို့ ဒီကနေ့ လေယာဉ်ပျံနဲ့ လှျောက်ကြည့်နေကြပါတယ်..."

"ဟုတ်လား၊ ဒါထက် ဒီကနေ့ မိုးလေဝသ ခန့်မှန်းခြေက ဘယ်လိုဆိုသလဲ"

"ခါတိုင်းထက်တော့ မဆိုးပါဘူး။ မိုးထစ်ချုန်းခြင်းမရှိဘဲ တောင်လေအနည်းငယ် တိုက်လိမ့်မယ်လို့ ဆိုပါတယ်၊ အပူရှိန် ပြောင်းလဲခြင်းရှိမည်မဟုတ်လို့လည်း ပါပါတယ်"

"ကောင်းပြီ၊ ကျေးဇူးတင်ပါတယ်"

အန်းနီးယန်း မြောက်ဘက်ကမ်းတွင် မိုးကြိုးပစ်ရာမှ ထ၍တောက်သောမီးမှာ မိုးလင်းအောင်မခံချေ။ နံနက်စောစောတွင် မီးကလေးမှာ တငွေ့ငွေ့မျှသာ ကျန်တော့၏။ နံနက်ဆည်းဆာတွင် ကျသော နှင်း

mgyoe.com


ပေါက်ကလေးများနှင့်ပင် မီးသေ၍ သွားနိုင်၏။

သို့ရာတွင် နှင်းများများမကျဘဲ လေကပင့်ပေးပြန်သဖြင့် သေလုဆဲဆဲမီးကလေးကို အသက်သွင်းပေးသလို ရှိတော့၏။ နေထွက်၍လာသောအခါတွင် မီးတောက်ကလေး တောက်လာပြန်၏။ နေမြင့်၍လာလေလေ သစ်ကိုင်းကလေးများ ခြောက်သွေ့လာလေဖြစ်ရာ မီးလောင်၍ကောင်းအောင် ဖန်တီးပေးသကဲ့သို့ ရှိလေသည်။ တောင်လေကလည်း တဖြူးဖြူးတိုက်၍ ပေးနေပြန်ရာ သစ်ကိုင်းခြောက်ကလေးတစ်ခုမှ တစ်ခုသို့ မီးကူးပြီး မီးတောက်မှာ တစ်ပေခန့်မြင့်၍တက်လာလေပြီ။ သို့ရာတွင် လျှောက်၍တောက်စရာ သစ်ကိုင်းခြောက်များ ကုန်၍သွားပြန်သော် မီးတောက်ကလေးမှာ ငြိမ်း၍သွားပြီး အငွေ့ကလေး တလူလူသာ ကျန်ပြန်၏။

ဆန်ဖရန်စစ္စကိုမြို့ ပြည်နယ်ရုံးကြီးအပေါ်ဆုံးထပ်တွင် ဒေးဗစ်ဟာလီဒေးသည် တစ်စုံတစ်ရာကို ရှာသလို အခန်းစေ့ကြည့်ရင်း လျှောက်လာ၏။ ၎င်းဝတ်ထားသော အညိုရောင် သဘော်သားရှပ်အင်္ကျီနှင့် သဘော်သားလမ်းလျှောက်နည်းဖြင့် လျှောက်၍လာသည်ကို သတိမပြုမိပါက ၎င်းအား ရေတပ်သားတစ်ယောက်ဟု မည်သူမျှမသိနိုင်ပေ။

ဟာလီဒေးသည် အခန်းတစ်ခု၏ တံခါးပေါက်သို့ ရောက်သောအခါ ရပ်လိုက်၏။ မှန်တံခါးတွင် 'မိုးလေဝသခန့်မှန်းရေးဌာနခွဲ' ဟု ဆိုင်းဘုတ် ရေးထားသည်ကို တွေ့ရလေသည်။ ဟာလီဒေးသည် တံခါးကို ဆွဲဖွင့်ပြီး အတွင်းသို့ဝင်လိုက်ရာ ထိုဌာန၏အုပ်ချုပ်သူ အရာရှိကြီးကို စားပွဲတွင် ထိုင်လျက် တွေ့ရ၏။

"အောင်မာ... မင်းက လက်ဖတင်နင်ကွန်မင်းဒါးတောင် ဖြစ်နေပါပေါ့လား၊ မင်းသွားတုန်းက လခ တစ်နှစ်မှ ဒေါ်လာ နှစ်ထောင်ပဲ ရှိသေးတယ်၊ အခု မင်းလခတွေ ဘာတွေ တိုးနေပြီပေါ့လေ"

mgyoe.com

mgyoe.com



"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခု ကျွန်တော် သိချင်တာက၊ ကျွန်တော့်ကို မိုးလေဝသဌာနခွဲမှာ ဘယ်နေရာမှာ ထားမယ်ဆိုတာ သိချင်ပါတယ်"

"အို... ဒါကတော့ ဒီ ဆန်ဖရန်စစ္စကိုမြို့မှာပဲ ထားမှာပေါ့ကွ။ ဒါပေမဲ့ အခုလောလောဆယ်တော့ မင်းကို ယာယီတာဝန်တစ်ခု ပေးရလိမ့်မယ်။ အခုအချိန်မှာ တောမီးလောင်တတ်လို့ အဲဒီဘက်မှာ ထားရမယ်။ အခု တို့ပွန်ဒါရိုစာသစ်တောနယ်မှာ လူတွေလိုနေတယ်။ အဲဒီနယ်ကို မင်းသွားပြီး အုပ်ချုပ်လိုက်ပါ။ မီးဘေးကာကွယ်တားဆီးရေး အစီအစဉ်တွေ လုပ်ရလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်၊ မီးသတ်ဌာနဆိုပါတော့"

"ဟုတ်တယ်။ အဲဒီနယ်မှာ သွားပြီး အခြေအနေ၊ လေတွေ မိုးတွေနဲ့ပတ်သက်ပြီး စုံစမ်းစောင့်ရှောက်ရမယ်"

"ဟုတ်ကဲ့ နားလည်ပါပြီ"

"ကဲ ဒါဖြင့် ဒီကနေ့ပဲ ထွက်ရလိမ့်မယ်။ အဲဒီနယ်မှာရှိတဲ့ လက်ရှိလူဟာ သိပ်ပြီးဟန်ပုံမရဘူး"

* * *

ဂျွန်ဘတ်လီမှာ ၁၃ နှစ်သားမှစပြီး အနှစ် ၂၀ တိုင်တိုင် ဘာလိုနယ်တွင် တောအုပ်ရာထူးတွင် ထမ်းရွက်ခဲ့သူဖြစ်၏။

ထိုနယ်မှာ ပွန်ဒါရိုစာသစ်တောကြီး၏ သုံးပုံတစ်ပုံမျှသော ဧရိယာဖြစ်လျက် ဆပ်ဖော့နယ်နှင့် ရက်ဘစ်ဘရပ်ရှ်နယ်တို့ထက် ကျယ်၏။ အလွန်တရာ ကျယ်ဝန်းသောနယ်ကြီး ဖြစ်လေသည်။ ထိုနယ်ကို အုပ်ချုပ်သူ ဝန်ထောက်က ထိုနယ်ကြီးကို ခွဲစိတ်ရန် စီမံကိန်းများ ပြုလုပ်ထားသော်လည်း၊ ထိုနယ်ကို အပိုင်းပိုင်းခွဲလိုက်လျှင် ဘတ်လီ၏ စိတ်ကို များစွာထိခိုက်ဖွယ်ဖြစ်မည် သိသောကြောင့်၊ မည်သို့မျှ မစီမံသေးချေ။

mgyoe.com

mgyoe.com


ဘတ်လီမှာ ထိုသစ်တောတွင် ကြီးပြင်းလာသူဖြစ်လေရာ၊ ထိုတောကြီးကိုပင် ခင်တွယ်နေ၏။ ထိုတောကိုလည်း ကျွမ်းကျင်လှလေသည်။

ဘတ်လီ၏ရုံးခန်းကလေးမှာ အမျက်လွတ်သော ရှူးဂါးပိုင်းခေါ် ထင်းရှူးသားများ ကာထား၏။ မိမိစားပွဲ၌ ထိုင်နေစဉ် သစ်တောရုံးမှ တယ်လီဖုန်းလာသဖြင့် ကောက်ယူကာ။

"ဘတ်လီ စကားပြောနေပါတယ်"

"သြော်... ဘတ်၊ ကျုပ် မစ္စတာဂျုံးစ်လေ"

"ဟုတ်ကဲ့ ပြောပါ ဝန်ထောက်မင်း"

"နက်ဖြန်ခါ ညနေပိုင်း အားသလား... ဘတ်"

"အားပါတယ် ဘာကိစ္စလဲ"

"သြော်... ကျုပ်က တောင်ကြားကို ခင်ဗျားနဲ့အတူသွားချင်လို့၊ အဲဒီက သစ်တွေဟာ တော်တော်ရင့်ကုန်ပြီ။ အဲဒီသစ်တွေနဲ့ပတ်သက်ပြီး စီမံချင်တယ်"

ဘတ်လီ၏မျက်နှာ တစ်မျိုးဖြစ်သွား၏။ သို့ရာတွင် ဝန်ထောက်က တယ်လီဖုန်းမှ အဆက်မပြတ် စကားပြောနေသည်။

"အိုင်ဒီးလ်ဟတ်စ်နယ်မှာ စက်တည်ဖို့ နေရာကောင်းကောင်းရှိတယ်။ ဒါပေမဲ့ စတော်ဘယ်ရီချောင်းကမ်းဘေးက လမ်းက စောက်လွန်းအားကြီးတယ်..."

"အဲဒီနေရာဟာ ကယ်လီဖိုးနီးယားနယ်မှာ သစ်တော အကောင်းဆုံး နေရာဖြစ်ပါတယ်" ဟု ဘတ်က ဖြတ်၍ပြော၏။ တစ်ဖက်မှ အသံသည် ရပ်၍နေရာ၊ ဘတ်၏ပြောပြချက်ကို စဉ်းစားနေဟန်တူ၏။ သို့ရာတွင် ထိုအကြောင်းနှင့်ပတ်သက်၍ မစ္စတာဂျုံးက ဘာမျှမပြောချေ။

"ဒါဖြင့်ရင်၊ မနက်ဖြန် ၁၁ နာရီမှာ ကားနဲ့ထွက်ကြမယ် ဘယ့်နှယ်လဲ"

"ကောင်းပါပြီ။ သြော်... ဒါထက် ခရီးထွက်ရတဲ့အတူတူ စယ်ရီ

mgyoe.com

mgyoe.com


ဝေါ်ဒိုနယ်ဘက်ကို လှည့်သွားရရင် ဘယ့်နှယ်လဲ။ အဲဒီနေရာမှာ မျှော်စင်စောင့်တဲ့ မိန်းကလေးအသစ်တစ်ယောက်ရှိနေလို့ ဝင်ပြီး ကြည့်ရှုပြောရရင် ကောင်းမလားလို့”

“အေးလေ... ရောက်အောင် ကြိုးစားပြီးသွားတာပေါ့”

တယ်လီဖုန်းစကားပြောပြီးသောအခါ ဘတ်လီသည် ကုလားထိုင်မှထပြီး အငြိမ်မနေနိုင်တော့ဘဲ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။ ဝန်ထောက်၏ပြောစကားကို စဉ်းစားပြီးလျှင် မနေ့တစ်နေ့ကမှရောက်လာသူက အလုပ်တွင် ဝင်ရောက်ချဲ့ထွင်ခြင်းကို စိတ်ထဲက မကျေမနပ်ဖြစ်၍နေလေသည်။ တောင်ကြားထဲ၌ သစ်စက်တစ်လုံး တည်မည်ဟု ပြောခြင်းကို စိတ်က မရှုဆိတ်ချေ။ ဝန်ထောက် မစ္စတာဂျုံးစ်မှာ အလုပ်သို့ဝင်သည်မှာ တစ်နှစ်ခွဲခန့်မျှသာ ရှိသေးသော လူသစ်ဖြစ်ရာ၊ အလုပ်သမား လူဟောင်းတွေက ၎င်းအား ဝိုင်းဝန်းပြီး မကူညီလျှင် လုပ်သက်ရှည်မည်မဟုတ်ဟုလည်း စိတ်ကူးမိလေသည်။ မိမိတို့လူဟောင်းအချင်းချင်း မစ္စတာဂျုံးစ်၏အကြောင်းကို စကားစပ်မိ၍ ပြောကြရာ၌ အလုပ်သမားဟောင်းကြီး ဂျယ်ရီဘဲရက်က ဤသို့ ပြောဖူး၏။

“ဝန်ထောက်အသစ်ဟာ အခု အလုပ်ဝင်တာ တစ်နှစ်ရှိပြီ၊ သူ့အကြောင်းကို သိရတာကတော့ သူဟာ သစ်တောအလုပ်ကို နားလည်တယ်။ ကတိလည်း တည်တယ်၊ မျက်နှာထားလည်း တည်တယ်”

“ဒါလောက်ရှိရင် တော်ရောပေါ့ဗျာ” ဟု ဘင်ရီ့ချ်ဆိုသူ အလုပ်သမားတစ်ဦးက ပြောလေသည်။

၎င်းတို့သည် မိမိတို့ဝန်ထောက်အသစ်အကြောင်းကို အတင်းပြောရင်း ရယ်မိကြ၏။ ဘတ်မှာကား ဝန်ထောက်အကြောင်းကို သူ့စိတ်ကူးနှင့်သူ တွေး၍နေလေသည်။

* * *

mgyoe.com

mgyoe.com


စယ်ရိုဂေါ်ဒိုမျှော်စင်ပေါ်ရှိ အစောင့်မိန်းမပျိုကလေးမှာ ယနေ့အဖို့ စိတ်အေးလက်အေး နေနိုင်သွားလေပြီ။ မိမိ အလုပ်ဝင်သည့်နေ့မှစပြီး ယနေ့အထိ မနေ့က တစ်နေ့သာလျှင် အလုပ်များခဲ့၏။ ဤသို့ စိတ်တုန်လှုပ်ဖွယ် တွေ့ကြုံရသဖြင့်လည်း အလုပ်တွင် ပို၍စိတ်ဝင်စားဖွယ် ဖြစ်ခဲ့လေသည်။ မိမိမှာ အချစ်ကိစ္စတွင် စိတ်ပျော်ရွှင်စရာ မကြုံခဲ့ရသည်ဖြစ်ရာ၊ တစ်ပါးသော မိန်းကလေးမျိုးသာဆိုလျှင် ချစ်သူအသစ်တစ်ယောက် ရှာလိုက်လျှင် ပြီးမည်သာ ဖြစ်၏။ သို့ရာတွင် မိမိကိစ္စမှာ တစ်မျိုးဖြစ်ကြောင်း မိမိသာလျှင် သိလေသည်။ မိမိမှာ အပေါင်းအသင်း ဆွေမျိုးမိဘတို့နှင့် တစ်နွေလုံး နေချင်စိတ်မရှိအောင် ကိစ္စတစ်ခုကို ကြုံခဲ့ရသည်ဖြစ်သောကြောင့်၊ ဤမျှော်စင်စောင့်အလုပ်ကို တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံခဲ့ခြင်း ဖြစ်လေသည်။ အလုပ်ဝင်နေစဉ်အတောအတွင်းကလေးတွင် လုပ်ခငွေလည်းမရ မိမိမတွေ့မမြင်ချင်သူများကိုလည်း တွေ့ရတော့မည်မဟုတ်ဟု စိတ်ကူးဖြင့် အလုပ်လုပ်ခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ယခု ၁၄ ရက်မျှ ကြာသောအခါတွင် စိတ်ကလေးငယ်မိရှာတော့၏။

အချိန်မှာ နေအတော်စောင်းပြီဖြစ်ရာ၊ အပူရှိန်အတော်ကျသွားပြီဖြစ်၏။ တောင်ကြားမှဖြတ်၍ တိုက်ခတ်လာသော လေကလေးမှာ စိတ်ရောကိုယ်ပါ ရွှင်လန်းစေ၏။ မိန်းမပျိုကလေးသည် မျှော်စင်ပတ်ပတ်လည် ဝရန်တာကလေးကို တစ်ပတ်ပတ်၍ လျှောက်နေလေသည်။ ထိုသို့ အေးအေးဆေးဆေး ရှိနေခိုက် တယ်လီဖုန်း ခေါင်းလောင်းသံသည် စူးစူးရှရှပေါ်ထွက်လာပြန်၏။ မိန်းမပျိုသည် တယ်လီဖုန်းကို ကောက်ယူ၍...

"စယ်ရိုဂေါ်ဒိုမျှော်စင်က စကားပြောနေပါတယ်"

"ဟယ်လို... အခု ဘတ် စကားပြောနေတယ်၊ နက်ဖြန်ခါ မင်း

mgyoe.com

mgyoe.com


ဆီကို ဗြည့်သည်တချို့ လာလိမ့်မယ်ဟေ့။ တခြားလူတော့ မဟုတ်ပါဘူး၊ သစ်တောဝန်ထောက်နဲ့ ငါနဲ့ လာမှာပါ။ ဩော်... ဒါထက် မင်း မနေ့က မိုးကြိုးပစ်တဲ့အချိန်မှာ သေသေချာချာ ကြည့်လိုက်ရဲ့လား"

"ကြည့်လိုက်ပါတယ်"

"နောက် ၆၅ ဒီဂရီနေရာက ဘာမှ ထူးထူးခြားခြား မမြင်ရဘူးဟုတ်လား"

"ဘာမှ နောက်ထပ် မမြင်ရတော့ဘူး"

"အေး...၊ ဒါဖြင့် ကောင်းတယ်၊ အဲဒီနေရာကို ကြည့်နေပါ"

"ဟင်...၊ အခုထက်ထိ ကြည့်နေရဦးမှာလား၊ မိုးကြိုးပစ်တာဖြင့် ၂၄ နာရီတောင် ရှိသွားပြီ။ အခုထက်ထိ ဘာမှမထူးခြားသေးဘဲ၊ နောက် ဘာဖြစ်လာဦးမှာလဲ"

"အို.... ဒါက မပြောနိုင်သေးဘူး၊ မီးဆိုတာ ထပြီးမတောက်ပေမဲ့ တအုံ့နွေးနွေးနဲ့ လေးငါးလတောင် ကြာတတ်တယ်။ ဆောင်းတွင်းမှာ နှင်းကျနေတဲ့အခါမှာဆိုရင် နှင်းတွေအောက်မှာ တစ်ဆောင်းတွင်းလုံး လောင်နေတတ်တယ်။ အနည်းဆုံး တနင်္ဂနွေတစ်ပတ်တော့ နေတာပဲ"

"ကောင်းပါပြီ... ဒီလိုဆိုရင် ကြည့်နေရတာပေါ့"

"ဒါတင်မကသေးဘူး၊ တခြားနေရာတွေကိုလည်း မျက်ခြည်အပြတ်မခံပါနဲ့၊ မင်းကိုတော့ စိတ်ချပါတယ်"

တယ်လီဖုန်းစကားပြောပြီးသောအခါ မိန်းမပျိုကလေးသည် မိမိအောက်၌ မျက်စိတစ်ဆုံးရှိနေသော တောတန်းကို မျှော်ငေး၍ နေမိလေ၏။ ဘက်ကတ်စ်ချောင်း၊ ကူရင်ချောင်း အစရှိသော ချောင်းကလေးများ နေရာကို မြင်ရသော်လည်း ရေကိုကား မတွေ့ရချေ။ သစ်ပင်တောတောင်များ မြစ်ခြေတွင် ပျောက်ကွယ်နေကြလေသည်။

ရီဗာ့စ်တောင်ခြေသို့ မျှော်ကြည့်လိုက်ပြန်သော်၊ အန်းနီးယန်း

mgyoe.com

mgyoe.com


ချောင်းနှင့် မြစ်မကြီးဆုံရာနေရာကို တွေ့ရ၏။ တောင်များမှာ၊ တစ်လုံးနှင့်တစ်လုံး ရောထွေးယှက်တင်ဖြင့် တစ်မျှော်တစ်ခေါ်ကြီး တည်ရှိနေကြပုံကို ကောင်းစွာ မြင်ရလေသည်။

ပွန်ဒါရိုစာ တောကြီးကို တောမီးစောင့်သော မျှော်စင်ပေါင်းဆယ်စင်မျှရှိရာ၊ အခြားမျှော်စင်ခြောက်ခုကို မိမိနေရာမှနေ၍ ကောင်းစွာမြင်ရလေသည်။ မိမိမျှော်စင်နေရာ အရှေ့မြောက်စူးစူးတွင် 'ရှီးယားရော့(စ်)' မျှော်စင်ကို တွေ့ရ၏။ ထိုမျှော်စင်မှာ နော့သ်ဖော့မြစ်ညာတွင်ရှိလေသည်။ အရှေ့ဘက်သို့ မှန်ဘီလူးနှင့် လှမ်း၍ ကြည့်လိုက်ပြန်သော်၊ မိုင်ပေါင်း ၂၃၀ ဝေးသော 'ဘတ်' တောင်ထိပ်ဆီသို့ မြင်ရ၏။ ထိုတောင်ထိပ်ရှိ အိမ်ကလေးတစ်လုံးကို စိမ်းလန်းသော တောလယ်ကောင်တွင်၊ ဖြူဖြူအစက်ကလေးအဖြစ် မြင်ရလေသည်။ တောင်ဘက် ဝရန်တာသို့ လျှောက်လာခဲ့ရာ၊ ဟော့စ်မောင်းတိန်းတောင်၊ လပ်ဗားစ်လိ(ပ်) တောင်များကို မှန်ဘီလူးမပါဘဲ မြင်နိုင်၏။ အနောက်တောင်ဘက်တွင်ကားဟင်းမလင်းပွိုင့်ကို မြင်ရလေသည်။ မြောက်ဘက်ဝရန်တာမှ ကြည့်သောအခါ၊ မိမိ မျှော်စင်နှင့် မိုင် ၈၀ မျှဝေးသော ဟမ်းဘတ်ပွိုင့်ကို မြင်ရ၏။ ထိုနေရာမှာ မိမိမျှော်စင်နှင့် တောင်နှစ်လုံးခြားလေသည်။

တဖြည်းဖြည်း နေကျသွားလေပြီ၊ ရှီးယားရော့(စ်)မျှော်စင်ကိုပင် ကောင်းစွာ မမြင်ရတော့ချေ။ မိန်းမပျိုကလေးသည် ဝရန်တာမှ မျှော်စင်တွင်းသို့ ပြန်၍ဝင်ခဲ့ပြီးလျှင်၊ တံခါးမင်းတုပ်ကို ချလိုက်လေသတည်း။

❐

mgyoe.com

mgyoe.com

# အခန်း (၃)

**တတိယနေ့**

သစ်တောရုံးမှ စာပေခန့်ခွဲရေး အရာရှိ အာနိုးလ်ဆိုရင်ဆန်သည် တယ်လီဖုန်းကို ပြန်၍ချထားကာ၊ ကုလားထိုင်တွင် နောက်မှီ၍ ထိုင်ပြီး စဉ်းစားခန်း ထုတ်နေ၏။

"ညနေ ၃ နာရီမှာ ထွက်မယ်။ ညနေ ၃ နာရီဆိုတော့ မီးလောင်နေတဲ့နေရာရှိရင် ကောင်းကောင်းမြင်ရမှာပါပဲ၊ နေရာကို ပြန်စစ်ကြည့်ထားမှပဲ" ဟု စဉ်းစားနေ၏။

ထိုသို့ စဉ်းစားမိသဖြင့် မိမိကုလားထိုင် နောက်တည့်တည့် နံရံတွင် ချိတ်ထားသော မြေပုံကြီးကို ကြည့်ပြန်၏။ ထိုမြေပုံကြီးမှာ သုံးထပ်သားပျဉ်ပြားပေါ်၌ ကပ်၍ထားပြီးလျှင် လိုသောနေရာ တချို့ကိုပင် အပ်ဖြင့် ထိုးမှတ်ထား၏။ မှတ်ထားသောနေရာအများမှာ အားလုံး စုစုပေါင်း ၁၁ နေရာမျှ ရှိလေသည်။ ထိုနေရာများကား ပွန်ဒါရိုစာ သစ်တောကြီးအတွင်း တောမီးစောင့် မျှော်စင်များကို မှတ်သားထားခြင်း ဖြစ်လေသည်။ ပင်အပ်ကလေးထိုးထားသောနေရာတွင် စက်ဝိုင်းကလေး

mgyoe.com

mgyoe.com


တစ်ဝိုင်းစီဖြင့် နယ်မှတ်ထား၏။ အာနိုးလ်သည် စယ်ရိုဂေါ်ဒိုမျှော်စင် နေရာမှ ပင်အပ်ကလေးကို ဖြုတ်လိုက်သောအခါ၊ အပ်ချောင်းကလေး ပြုတ်မကျအောင် မြေပုံနှင့်တွဲ၍ထားသော စပရင်ကလေးပါ ပါ၍လာ ၏။ ထို့နောက် စားပွဲပေါ်တွင်ရှိသောမှတ်တမ်းကို ပြန်၍ကြည့်ပြီး ၆၅ ဒီဂရီနေရာကို စက်ဝိုင်းကလေးအတွင်း၌ ပင်ဖြင့် မှတ်ထားလိုက်လေ၏။ ထိုမျှော်စင်ရှိရာမှ ၆၅ ဒီဂရီနေရာအထိ မျဉ်းကြောင်းပေါ်တွင် ယမန်နေ့က မိုးကြိုးပစ်ခြင်းဖြစ်၏။

ထို့နောက် ဟော့စ်မောင်းတိန်းမျှော်စင်နေရာမှ ပင်အပ်ကလေးကို ဖြုတ်ယူပြန်၏။ ထိုပင်အပ်ပေါက်မှ ဒီဂရီ ၃၂၀ နေရာအထိ မျဉ်းတစ်ခု ဆွဲလိုက်လေသည်။ ထိုနှစ်နေရာကို အသေအချာမှတ်သားမိအောင် ကြည့်ရှုထားရ၏။ အဘယ်ကြောင့်ဆိုသော်၊ ဤနေရာများ၌ မီးလောင် သည် မလောင်သည်ကို လေယာဉ်ပျံဖြင့် ကောင်းကင်မှ ပျံပြီး ကြည့်ရ မည်ဖြစ်ရာ၊ မသေချာလျှင် မဖြစ်ချေ။

မှတ်၍ထားသောနေရာမှာ ဝီလ်ဆင်ချောင်းနှင့် အန်းနီးယန်း ချောင်း နှစ်ခုစပ်ကြား တောင်ခါးပန်းတွင်ဖြစ်၏။ ဤနေရာမျိုး၌ တော မီးလောင်လျှင် သေးငယ်သော ကိစ္စမဟုတ်ချေ။ ထိုနေရာတွင် မြေ မျက်နှာပြင်မှာ ညီသည်မဟုတ်ရာ၊ အကယ်၍ မီးတောက်ကို လေပင့်၍ ပေးလိုက်ချေက၊ တောင်ပေါ်သို့ ရောက်သွားမည်ဖြစ်၏။ ဤသို့ ပင့်တင် ပေးလိုက်လျှင်၊ ဟိုးဝဲလ်တောင်ကြီးတစ်တောင်လုံးမီးမှာ ထိန်းမနိုင် သိမ်းမရ ဖြစ်၍သွားစရာအကြောင်း ရှိလေသည်။ ထိုနေရာတွင် မော်တော်ကားလမ်းမရှိဘဲ၊ မြင်းစီး၍သွားနိုင်သော လမ်းကလေးသာ ရှိ၏။ ထိုမြင်းလမ်းကလေးမှာ အန်းနီးယန်းချောင်း တောင်ဘက်ကမ်းကို မြှောင်၍ ချောင်းနှင့် တစ်ပြေးတည်း ရှိလေသည်။

ထိုအခိုက် မီးတောက်၏အခြေအနေ အစီရင်ခံစာများ လက်ခံသော

mgyoe.com

mgyoe.com


စာရေးမကလေး အခန်းတွင်းသို့ ဝင်လာ၏။

"အခြေအနေ ဘယ့်နှယ်လဲဟေ့" ဟု အာနိုးလ်က လှမ်းမေး၏။

"မနေ့ကထက် သက်သာပါတယ်"

"ကောင်းပါလေရဲ့ကွာ"

စာရေးမကလေးသည် မိုးလေဝသခန့်မှန်းသော ကိရိယာကလေး ထံသို့ လျှောက်သွားလေသည်။ ထိုကိရိယာကလေးတွင် မိုးလေဝသ အခြေအနေကို ရောင်စုံမှတ်သား၍ ပြသထားရာ၊ အညိုရောင်မှာ "လေငြိမ်သည်"၊ အစိမ်းမှာ "အခြေအနေမထူးခြား"၊ အဝါရောင်မှာ "လေထန်သည်"၊ လိမ္မော်ရောင်မှာ "လေ အထူးပြင်းထန်သည်"၊ အနီရောင်မှာ "လေကြမ်းသည်" စသည်ဖြင့် မှတ်သားထား၏။

စာရေးမကလေး ကြည့်သောအချိန်တွင် နာရီလက်တံမှာ လိမ္မော် ရောင်တွင် ပြနေ၏။ ကိရိယာကလေးကို အနည်းငယ်ရွှေ့လိုက်သော် လည်း၊ လက်တံမှာ နေရာမရွှေ့ချေ။

"၁၄–၅ ရက်အတွင်း မိုးရွာခါနီးပါပြီ" ဟု မိန်းမပျိုကလေးက အာနိုးလ်အား လှမ်း၍ပြောလိုက်လေသည်။

"အေး... အဲဒီ ၁၄–၅ ရက်လောက်အတွင်းမှာပဲ တစ်ခုခု ဖြစ်ချင် ရင် ဖြစ်နိုင်သေးတာပေါ့"

"ဒီနှစ် ပွန်ဒါရိုစာတောမှာ တောမီးလောင်တာ ဘယ်နှခါရှိပြီလဲ အာနိုးလ်"

"အားလုံး ၁၆၂ ခါရှိပြီ ထင်ပါရဲ့၊ အခုလည်း နောက်တစ်ခါ ထပ်ပြီး လောင်နေပြန်ပလား မဆိုနိုင်ဘူး"

"ဒါပေမဲ့ သစ်ပင်နှတွေတော့ သိပ်ပြီးမဆုံးဘူး မဟုတ်လား၊ ဒီတော မှာ မီးသတ်ဌာန တော်တော်ကောင်းတယ် ထင်တယ်"

သို့ရာတွင် မီးသတ်ဌာနက ကောင်းသောကြောင့်ပင်လော၊

mgyoe.com

mgyoe.com


ကံကောင်းသောကြောင့် ပင်လောဟု တွေးစရာ ဖြစ်နေလေသည်။ ထိုနှစ်က အကြိမ်ပေါင်း ၁၆၀ ကျော်ကျော် တောမီးလောင်ခဲ့ရာ၊ သစ်တောဧကပေါင်း ၂၉၇ ဧက မီးလောင်ဆုံးရှုံးခဲ့၏။ ပျမ်းမျှအားဖြင့် တစ်ကြိမ်မီးလောင်၍ ပျက်စီးသောနယ်မှာ ၂ ဧကမျှပင်မရှိချေ။ တိုင်းဆိုင်ရာ သစ်တောရုံးက၊ နှစ်စဉ် မီးလောင်၍ ပျက်စီးလျှင် ပျက်စီးစေတော့ဟု အခွင့်ပြုထားသော ဧရိယာထက် များစွာလျော့နေ၏။ အစိုးရကလည်း ရာခိုင်နှုန်း ၁ မျှ အပျက်အစီး အဆုံးအရှုံးရှိမည်ဟု သတ်မှတ်ထားရာ၊ ယခု ပွန်ဒါရိုစာ သစ်တောမှ အပျက်အစီးမှာ များစွာနည်း၍နေသေး၏။ သို့ဖြစ်ရာ ထိုသစ်တောရှိ မီးသတ်ဌာနကို ချီးမွမ်းရမလိုလိုဖြစ်နေသော်လည်း၊ မီးလောင်နိုင်သည့် ရာသီမှာ မကုန်သေးရကား၊ အဘယ်နေရာမျိုးကစ၍ ဒုက္ခပေးမည်ကို မပြောနိုင်သေးချေ။

* * *

အန်းနီးယန်းချောင်း မြောက်ဘက်ကမ်း တောင်ခါးပန်းတွင်မူကား၊ ထင်းရှူးပင်များမှကျသော ဆူးခြောက်များနှင့် သစ်ကိုင်းခြောက်ကလေးများအောက်တွင်၊ မီးမှာ အုပ်၍လောင်ဆဲဖြစ်၏။ မီးတောက်ပင် မထသော်လည်း မီးခိုးငွေ့တထောင်းထောင်းရှိ၏။ လေကလေးမှာလည်း အရပ်လေးမျက်နှာ တစ်လှည့်စီမှ တိုက်ခတ်လျက်ရှိသည်ဖြစ်ရာ၊ လေကြောင်းကိုလိုက်၍ မီးညွှန့်ထိုးပြီး လောင်နေလေသည်။ ညအခါ၌ ဆီးနှင်းများကျသဖြင့် အအေးဓာတ်ကြောင့် အားနည်းသည်မှန်သော်လည်း၊ နေ့အခါ၌မူကား နေပူရှိန်ကြောင့် တိုး၍ပြင်းထန်၏။ မီးညွှန့်မှာ တောင်ခါးပန်းမှ တောင်ပေါ်ဆီသို့ အညွှန့်ထိုးလျက်ရှိနေ၏။ ယခုအချိန်တွင် မီးလောင်သောနေရာမှာ၊ အလျားလေးပေနှင့် အနံနှစ်ပေမျှ ရှိနေလေပြီ။

mgyoe.com

mgyoe.com



ဤသို့ဖြင့် မီးတောက်မထဘဲ တငွေ့ငွေ့အုပ်၍ ၃ ရက်တိုင်တိုင် လောင်၍နေရာ တတိယနေ့တွင် ထိုမီးသည် ထင်းမီးငုတ် အခြောက် တစ်ငုတ်ကို စွဲလေ၏။ ထိုအချိန်မှာ နေပူ၍ကောင်းတုန်း မွန်းတိမ်းစ အချိန်ဖြစ်ရကား မီးမှာ အသေအချာ ခြေကုပ်ရသွားလေ၏။ နေရင့်လေ အပူရှိန်ကြီးလာလေ ဖြစ်သောကြောင့်၊ တစ်နာရီ မကြာမီ မီးတောက် ကလေးတက်လာ၏။ မီးတောက်မှာ လေထဲတွင် တစ်ပေကျော်ကျော်ပင် တက်လာလေပြီ၊ သစ်သားခြောက်ကို မီးလောင်သဖြင့် တဖြောက်ဖြောက် မြည်သံများကိုပင် ကြားနေရပေပြီ။

သစ်ငုတ်တို၏အောက်ပိုင်းမှစ၍ မီးစွဲခြင်းဖြစ်သောကြောင့် အောက်ပိုင်းကျသော သစ်ခေါက်များမှာ မီးရဲရဲတောက်ပြီးလျှင်၊ တောင် စောင်းအောက်သို့ လိမ့်ဆင်းကျသွားလေ၏။ အနှစ်မှာကား ပွဲ၍မကျ သေးချေ။ အသားမာဖြစ်သောကြောင့်လည်း မီးတောက်နှေး၏။ ဆယ် မိနစ်ခန့် မီးတောက်ပြီးသောအခါ အကာများမှာ အကုန်လောင်ကျွမ်း သွားလေပြီ။ အနှစ်သာလျှင် မီးရဲရဲဖြင့် ကျန်တော့၏။ လောင်စာ အသစ် မတွေ့သေးသောကြောင့် ထိုနေရာ၌ မီးငြိမ်နေပြန်၏။

* * *

တောအုပ် ဘတ်လီသည် ကားတစ်စီး မောင်းလာသံကြားသဖြင့် ထွက်၍ကြည့်ရာ၊ ဝန်ထောက်မစ္စတာဂျုံးစ် ဖြစ်သည်ကို တွေ့ရလေ၏။

"ဟယ်လို... ဘတ်၊ ခင်ဗျားနေရာက အကောင်းသားပဲ"

"ဟုတ်ကဲ့၊ ဒီလိုပြောတာ ဝမ်းသာပါတယ်။ ဒီနေရာကလေးဟာ တော်တော်သာသာယာယာ ရှိတယ်။ ဆပ်ဖော့နယ်ထက် ကောင်းတယ်"

မစ္စတာဂျုံးစ်သည် တစ်ဖက်တွင် ပေ ၂၀၀၀ မြင့်သော တောင်ကြီး ဆီသို့အောက်ခြေမှစပြီး တဖြည်းဖြည်း မျှော်ကြည့်နေ၏။

mgyoe.com

mgyoe.com



"ဟုတ်တယ်ဗျို့...၊ တယ်ပြီး ကြည့်လို့ သာသာယာယာ ရှိတယ်။ ဒါထက် ဘတ်၊ ဟောဒီတောင်ကြီးကို ဘယ်တုန်းကစပြီး သစ်ထုတ်သလဲ၊ ခင်ဗျား သိသလား"

"၁၉၀၂ ခုနှစ်ဆီလောက်က စပြီး ထုတ်ပါတယ်"

"အင်း ဒါဖြင့် အတော်သားပဲ၊ သစ်တောကတော့ နုပုံရသေးတာပဲ။ တစ်နှစ်တစ်နှစ်မှာ သစ်တော်တော်ထွက်တယ် ထင်တယ်"

"ဟုတ်ကဲ့ သစ်တောက အင်မတန်ကြည့်ကောင်းပါတယ်" ဟု ပြောပြီး၊ ဘတ်လီသည် ထိုအကြောင်းကို ဆက်၍မပြောလိုတော့သည့်အလား "ဟောဟိုသူငယ်တွေဟာ မီးတားတဲ့လူတွေပဲ" ဟု ခပ်လှမ်းလှမ်းတွင် အလုပ်လုပ်နေကြသော လူငယ်တစ်စုကို ညွှန်ပြရင်း ပြောလေ၏။ မစ္စတာဂျုံးစ်သည် ထိုလူစုကိုလှမ်း၍ ကြည့်လိုက်၏။ အလုပ်လုပ်နေသော သူငယ်ကလေးများမှာ ကျောင်းသားအရွယ်သာသာမျှ ရှိသူများဖြစ်၏။ ၎င်းတို့မှာ သစ်ရွက်သစ်ကိုင်းခြောက်များကို ထွန်ခြစ်နှင့်ဆွဲပြီး ရှင်းလင်းနေကြလေသည်။

"ကဲ ကျွန်တော်တို့သွားစို့လား" ဟု ဘတ်က ပြောပြီးလျှင်၊ နှစ်ယောက်သား ထွက်ခဲ့ကြလေ၏။

ထို့နောက် ဘတ်လီနှင့်ဂျုံးစ်တို့သည် သစ်တောလော်လီကားဖြင့် ထွက်လာရာ၊ စတော်ဘယ်ရီချောင်းရိုးအတိုင်း ကားလမ်းမှာ တဖြည်းဖြည်း မတ်၍တက်လာသဖြင့်၊ ကားကိုဂီယာထိုးပြီး မောင်းကြရလေ၏။ ဤလမ်းကို သစ်ကားများ ကောင်းစွာမောင်းနိုင်အောင် ပြင်ပေးရမည်ဟု နှစ်ယောက်သား ပြောရင်း မောင်းခဲ့ကြ၏။ ကားကို တောင်ဘက်သို့ ကွေ့လိုက်သောအခါ၊ ဆွေးဘက်တောင်နှာမောင်းပေါ်သို့ ရောက်ရှိကြပြီးလျှင် မကြာမီ ၎င်းဆွေးဘက်နှင့် စယ်ရိုဂေါ်ဒိုနယ်များ ဆုံရာနေရာသို့ ရောက်ခဲ့ကြလေ၏။ ထိုနေရာ၌ ကားကိုရပ်ပြီးလျှင် ထိုမှဤမှ မျှော်ကြည့်

mgyoe.com

mgyoe.com


ကြပြန်လေ၏။

၎င်းနေရာမှ ရိဗာ့စ်တောင်ကြားဆီသို့ ကွေ့ကာကောက်ကာ စီးဆင်းနေသော 'ကယ်လီ' ချောင်းကလေးကို ကောင်းစွာမြင်ကြရ၏။

"တော်တော် ကြည့်ကောင်းတယ်နော်" ဟု ဘတ်က ပြော၏။

"ဟုတ်တယ်" ဟု မစ္စတာဂျုံးစ်က ပြန်ပြောလေသည်။ သို့ရာတွင် မစ္စတာဂျုံးစ်မှာ သစ်တော၏အခြေအနေကို ဂရုစိုက်ပြီး အကဲခတ်နေ၏။ ၎င်းတို့ရပ်နေသောနေရာ၏တောင်ဘက်တွင် အသုံးမကျသော ချုံနွယ် ပိတ်ပေါင်းတို့ဖြင့် ပြည့်နေသည်ကို တွေ့ရ၍ စယ်ရိဂေါ်ဒိုနယ် အရှေ့ဘက် နယ်စပ်တွင်မူကား အဖိုးတန်သစ်ပင်တို့ရှိသည်ကို တွေ့ရလေသည်။ သို့ရာတွင် 'စီဒါ' ပင်များသာများပေ၏။

"ဒီသစ်တောဟာ စီဒါပင် သိပ်ပေါပါကလား။ ဒီလိုဆိုရင် သစ်ကုမ္ပဏီတွေက သိပ်ကြိုက်မယ် မထင်ဘူး။ တခြားသစ်ပင်များ ရင်တော့ တော်တော်တန်ဖိုးရှိမှာပဲ" ဟု မစ္စတာဂျုံးစ်က ပြော၏။

ထိုသို့ပြောပြီးလျှင် ဘတ်က မည်သို့အဖြေပေးမည်ကို စောင့်ကြည့်သော်လည်း၊ ဘတ်မှာ မည်သို့မျှမပြောဘဲ တွေတွေကြီးလုပ်နေသည်ကို တွေ့ရလေသည်။ အမှန်မှာ ဤမျှတင့်တယ်သော သဘာဝ၏ အလှကို ဘတ်သည် ရိုးရိုးသစ်သားအဖြစ်သို့ရောက်အောင် ခုတ်လှဲ၍ မပစ်လိုချေ။ ဤအကြောင်းကို ရိပ်မိဟန်ဖြင့် မစ္စတာဂျုံးစ်က...

"ဘတ်လီ စိတ်မညစ်ပါနဲ့ဗျာ။ သစ်ပင်ဆိုတာ သစ်သားရအောင် ခုတ်ရတာပဲ မဟုတ်လား"

"မစ္စတာဂျုံးစ် ဟောဒီတောဟာ အင်မတန်လှတဲ့တောဖြစ်ပါ တယ်။ အလှကြည့်နေဖို့ပဲ ကောင်းပါတယ်။ ကျွန်တော် ဒီတောမှာ အလုပ်လုပ်လာတာ နှစ်ပေါင်း ၂၀ ရှိပါပြီ"

"ဟောဟို အောက်ပိုင်းမှာ ကြည့်ရင် သစ်ပင်တွေအများကြီး

mgyoe.com

mgyoe.com


သေနေပြီး ခြောက်ကုန်ပြီ။ ဒီလိုအပင်တွေကို သစ်မခွဲရင် တောမီး အများကြီး စိုးရိမ်ရတယ်”

“ဟုတ်တော့ ဟုတ်ပါတယ်။ သစ်ပင်တွေ တော်တော်သေနေပြီ”

“ဒီလိုဗျာ၊ ဒီတောတွေဟာ လှတယ်၊ ခုတ်ပစ်ရမှာ နှမြောစရာ ကောင်းတယ်ဆိုတာတော့ မှန်ပါတယ်။ လူများဟာ တော်တော်ဆန်း တယ်။ လူလူချင်းဆိုရင်တော့ ယောကျာ်းပျို မိန်းမပျိုကလေးတွေကိုသာ ရွေးပြီး ချစ်ကြတယ်။ ပိုးကြပန်းကြတယ်။ သစ်ပင်ကျတော့ ဘာဖြစ်လို့ သစ်ပင်အိုကြီးတွေကို ပိုပြီးခင်မင်ကြသလဲ မဆိုနိုင်ဘူး။ ကျုပ်အဖို့ဆိုရင် ဒီသစ်ပင်အိုကြီးတွေထက်၊ ခင်ဗျာ့စခန်းနားက သစ်ပင်အငယ်ကလေး တွေကို ပိုပြီး သဘောကျတာပဲ” ဟု မစ္စတာဂျုံးစ်က ပြောလေသည်။

ထို့နောက် မော်တော်ကားဖြင့် ဆက်၍ထွက်လာခဲ့ကြ၏။ မော်တော်ကားဖြင့် ရှေ့သို့ဆက်၍မသွားနိုင်သောနေရာတွင် ကားကို ထားခဲ့ပြီး၊ ခြေကျင်လျှောက်သွားရသည်။ မော်တော်ကား ရပ်ထားခဲ့သော နေရာမှာ၊ စယ်ရိုဂေါ်ဒိုမျှော်စင်နှင့် ကိုက် ၁၀၀ ခန့်မျှသာ ဝေး၏။ မျှော်စင် မှ မိန်းမပျိုကလေးသည် ၎င်းတို့နှစ်ယောက်ကို မြင်သောအခါ၊ အပေါ်မှ လက်ကလေးယမ်းပြီး နှုတ်ဆက်လေသည်။

မျှော်စင်ပေါ်သို့ရောက်လျှင် ဘတ်လီက ၎င်းတို့နှစ်ယောက်ကို မိတ်ဆက်ပေးပြီးနောက်၊ မိန်းမပျိုကလေးနှင့် တစ်ယောက်ကိုတစ်ယောက် ရယ်စရာ မောစရာကလေးများပင် ပြောနေကြလေ၏။ ဤသို့ ၎င်းတို့ နှစ်ယောက် ရင်းရင်းနှီးနှီး ပြောဆိုနေကြသောအခါ၊ ဝန်ထောက် မစ္စတာ ဂျုံးစ်မှာ အူကြောင်ကြောင် ဖြစ်၍နေလေ၏။ ဘတ်လီမှာ ဤသို့ လူပေါင်း လူသင်းဝင်ဆံ့လှသည်ကိုလည်း စိတ်ထဲမှကျိတ်၍ ဝန်တိုမိရှာလေသည်။

ဂျူဒစ်သ်ရိုနှိုင်းမှာ ဘတ်နှင့် အကြည်ဆိုက်နေရသောကြောင့် ဝန်ထောက်မစ္စတာဂျုံးစ်အား ဒေ့ဝတ်မကျေပွန်ရာ ကျနေသည်ကို သတိ

mgyoe.com

mgyoe.com


ရလျှင်ရချင်း "ကျွန်မ စယ်ရီဂေါ်ဒိုနယ်ကို သိပ်သဘောကျတာပဲ" ဟု ပြောမိပြောရာကို ပြောလိုက်ရလေသည်။

မစ္စတာဂျုံးစ်က ပြုံး၍ "သြော်... ဟုတ်လား၊ ကောင်းပါတယ်" ဟုသာ ပြန်ပြော၏။ ၎င်း၏မျက်နှာမှာ ပြုံးလိုက်သောအခါ ကြည့်၍ အလွန်ကောင်းသည်ကို ဂျူဒစ် သတိထားမိလိုက်၏။

"ကျွန်မ ကော်ဖီဖျော်ထားပါတယ်၊ ကော်ဖီမသောက်ခင် တစ်နေ့က မိုးကြိုးပစ်တဲ့နေရာဆီကို ကြည့်ကြပါဦး၊ ကျွန်မတော့ မီးခိုးမမြင်ရဘူး" ဟုပြောရင်း ရှေ့မှထွက်သွားသောကြောင့် ၎င်းတို့နှစ်ယောက်လည်း မျှော်စင်ဝရန်တာကလေးသို့ ထွက်၍လိုက်ခဲ့ရလေ၏။ သုံးယောက်သား ဘာမျှမပြောကြဘဲ တောင်မြောက်လေးပါး လှမ်းမျှော်၍ ကြည့်ကြ၏။

"ကျုပ်လည်း မီးခိုးမမြင်ရပါဘူး" ဟု မစ္စတာဂျုံးစ်က ပြော၏။

"ဟုတ်တယ်၊ ဘာမျှမမြင်ရဘူး"

ထိုသို့ကြည့်ရှုနေကြစဉ် မီးလျှောက်၍ ကြည့်သောလေယာဉ်ပျံ အသံကိုကြားရလေသည်။

* * *

လေယာဉ်ပျံပေါ်တွင်ကား လူနှစ်ယောက် ပါလာ၏။ တစ်ယောက်မှာ သစ်တောရုံးမှ အာနိုးလ် ဖြစ်လေသည်။ လေယာဉ်ပျံမောင်းသူမှာ စစ်အတွင်းက ပီ ၅၁ လေယာဉ်ပျံကို မောင်းဖူးသော ဂျင်ဆိုသူဖြစ်လေသည်။

"ဟေ့ ဂျင် ဘယ်ဘက်သွားမလဲ"

"စယ်ရီဂေါ်ဒိုမျှော်စင်ကို ပတ်ပြီး ကြည့်ရအောင်ဗျာ။ အဲဒီ မျှော်စင်မှာ အခု ကောင်မကလေးတစ်ယောက် ရောက်နေပြီ ပြောသံကြားတယ်"

"မင်းသဘောပဲလေ"

mgyoe.com

mgyoe.com


ဂျင်သည် လေယာဉ်ပျံကို မျှော်စင်ဘက်သို့ပတ်၍ ပျံလေ၏။

"ဟောဟိုမှာ ကောင်မလေး။ ဩော်... ညှော်သည်တွေနဲ့ပါလား"

"ဩော် ဟုတ်တယ်၊ ဝန်ထောက် ရောက်နေတယ်။ ဟော့ ဝန်ထောက် ရှိနေတုန်း သွားပြီး သိပ်မကပ်နဲ့နော်"

လေယာဉ်ပျံသည် မျှော်စင်ဝရန်တာကိုပတ်၍ ပျံပြီးအပေါ်သို့ ထိုးတက်သွားလေသည်။ ဝရန်တာပေါ်မှ ကြည့်နေသူ သုံးဦးကလည်း လက်များဝှေ့ယမ်းပြီး နှုတ်ဆက်လိုက်ကြလေသည်။

လေယာဉ်ပျံမှာ ကောင်းကင်သို့ မြင့်၍မြင့်၍တက်သွားရာ၊ စယ်ရီဂေါ်ဒိုမျှော်စင်မှာ အောက်၌ ရေးရေးသာ မြင်ရလေတော့သတည်း။

"ကောင်မကလေးဟာ ကြည့်ပျော်ရှုပျော် အရှိသားပဲ" ဟု ဂျင်က စက်သံကိုဖုံးအုပ်အောင် အော်ပြောပြီးလျှင် ဆက်၍ "ခင်ဗျားတို့သစ်တော ဘက်ကလူတွေဟာ ကောင်မကလေး လှလှကလေးတွေကို ရွေးပြီး ဘာဖြစ်လို့ မျှော်စင်စောင့် ခန့်ကြတာလဲ" ဟု မေး၏။

"အို... ဒါကတော့ စစ်ဖြစ်ပြီးစဆိုတော့ ယောကျ်ားအလုပ်သမား နည်းနည်းတော့ ရှားတာပေါ့ကွာ။ နံပါတ် ၅ နယ်မှာလည်း မျှော်စင်စောင့် တစ်ဝက်ဟာ မိန်းကလေးတွေပဲလို့ ထင်တာပဲ" လေယာဉ်ပျံသည် ရီဗာ့စ် တောင်တန်းတောင်ဘက်မှ လှည့်၍ပျံနေ၏။ ထိုနေရာကား နေပူရှိန်နှင့် တည့်သော ပွန်ဒါရိုစာထင်းရှူးပင်များပေါက်ရာ အရပ်ဖြစ်၏။ တောင် ပေါ်တွင်မူ သစ်ပင်များ အတော်ပါးလေသည်။ မြောက်ဘက်တောင်ခါး ပန်းမှာကား မိုးကောင်းသောနေရာဖြစ်၏။ အရိပ်အာဝါသကို ကြိုက် သော ဒေါက်ဂလပ် ထင်းရှူးပင်မျိုး ထူးကဲစွာ ပေါက်၍နေလေသည်။ ရေပေါသောနေရာဖြစ်ရကား၊ ချောင်းကလေးများစွာတို့သည် ဤ မြောက်ဘက် တောင်ခါးပန်းမှ ရီဗာ့စ်ချောင်းကြီးထဲသို့ စီးဆင်းနေကြ၏။ တောင်ပေါ် မှနေ၍ ကြည့်လိုက်သော် မြေပြင်၌ မြက်ခင်းကြီးကို တွေ့ရ

mgyoe.com

mgyoe.com



၏။ မြက်ခင်းဆိုသော်လည်း ကိုင်းတောကြီးသဏ္ဌာန်ဖြစ်လေသည်။

အာနိုးလ်က အောက်သို့ငုံ့ကြည့်ရင်း ဝီလ်ဆင်ချောင်းပေါက်ဝကို လက်ညှိုးညွှန်ပြသောကြောင့် ဂျင်သည် ပေ ၅၀,၀၀ အမြင့်မှ နေ၍ လေယာဉ်ပျံကို မောင်း၏။ ဤနေရာသို့ ကြည့်ရှုရန် သက်သက် ထွက်ခဲ့ကြခြင်းဖြစ်သောကြောင့် အာနိုးလ်သည် မြောက်ဘက် တောင်ခါးပန်းကို စေ့စေ့စပ်စပ်ကြည့်ရှု၍ လိုက်လာခဲ့၏။ လေယာဉ်ပျံနှင့် ကင်းထောက်ရခြင်းအလုပ်မှာ ထင်သလောက် လွယ်ကူသောအလုပ် မဟုတ်ချေ။ ကျယ်ဝန်းလှသော နယ်မြေအတွင်း၌ နေရာနှံ့အောင် ကြည့်ရှုရသည်ဖြစ်ရာ၊ လေယာဉ်ပျံ၏အရှိန်မှာ လျင်မြန်လှသောကြောင့် သိလိုသောအရာတို့ကို လွယ်လွယ်ကူကူ တွေ့မြင်ရန် ခဲယဉ်းလှ၏။ ရီဗာ့စ်တောင်တန်းအနီးသို့ရောက်သောအခါ၊ တစ်ဖန်ပြန်၍ လှည့်ကြပြန်၏။ တောင်ခါးပန်းနှင့် တစ်လျှောက်တည်း လေယာဉ်ပျံကို မောင်းရင်း၊ နေရာမလပ်အောင် နှစ်ယောက်သား ကြည့်ရှုကြရလေသည်။ အဘယ့်ကြောင့်ဆိုသော် ဤနေရာမျိုးမှာ မိုးကြိုးပစ်၍ မီးလောင်ရန် အကောင်းဆုံးနေရာမျိုး ဖြစ်သောကြောင့်ပေတည်း။ ထိုနေရာတွင် သစ်ပင်ထိပ်ဖျားများနှင့် အနီးဆုံးကပ်ပြီး လေယာဉ်ပျံမောင်း၏။ အသေအချာ ကြည့်ရှုကြသော်လည်း မီးခိုးမီးတောက်ဟူ၍ အစအနမျှ မမြင်ကြရချေ။

မြောက်ဘက်မှ လှည့်၍ပျံပြီး တောင်တန်းအဆုံးသို့ရောက်သောအခါ၊ ၎င်းတို့မှာ ပေ ၄၆၀၀ သာ မြင့်၏။ တစ်ဖန် ပေ ၅၀၀၀ သို့ ပျံတက်ပြီး တောင်ဘက်တောင်ခါးပန်းသို့လှည့်၍ ပျံကြပြန်၏။ တောင်ဘက်တွင် အန်းနီးယန်းချောင်းရိုးတစ်လျှောက်လိုက်၍ ပျံကြလေသည်။ ထိုနေရာတွင် ပျံနေစဉ်၊ အားနိုးလ်သည် သေသေချာချာ ဂရုစိုက်၍ကြည့်လေသည်။

mgyoe.com

mgyoe.com



"ကျူပ် ပီ ၅၁ လေယာဉ်ပျံနဲ့သာဆိုရင်၊ ယောဒီတောင်ကြားတွေထဲကို ဝင်ပြီး မောင်းနိုင်ပါရဲ့ဗျာ" ဟု ဂျင်က ပြောလေသည်။

"အောင်မယ်လေး...၊ တော်ပါမောင်ရာ၊ ဒီလေယာဉ်ပျံနဲ့ တောင်မှမြန်လှပါပြီ၊ ပီ ၅၁ နဲ့ဆိုရင် ဘာမှတွေ့ရတော့မှာ မဟုတ်ဘူး"

ဤသို့ တစ်ယောက်နှင့်တစ်ယောက် စကားပြောနေရသဖြင့်၊ အောက်သို့ဂရုမစိုက်နိုင်ဘဲ ဖြစ်ရပြန်၏။ ဤမျှလျင်မြန်သော လေယာဉ်ပျံပေါ်မှနေပြီး ကြည့်ရသည်မှာ အောက်သို့မျက်ခြည်အပြတ်မပေးမှ၊ တော်ရုံကျလေသည်။ ထို့နောက် တစ်ဖန် တောင်ခါးပန်းကို ပြန်၍ပတ်ကြရပြန်လေသည်။ ဤနည်းအားဖြင့် တစ်နေရာလျှင် အသွားအပြန်နှစ်ကြိမ်ကြည့်ပြီးဖြစ်လေသည်။ မီးခိုးဟူ၍ မတွေ့ကြရချေ။

"ကဲ ပြန်ကြပါစို့ကွာ" ဟု အားနိုးလ်က ဆို၏။

"ဘာမှမတွေ့ရဘူး ဟုတ်လား"

"ဟင့်အင်း၊ ငါတော့ ဘာမီးခိုးမှမမြင်ရဘူး၊ အေး... သစ်ပင်ရင်းတွေဆီမှာတော့ မပြောတတ်ဘူးပေါ့ကွာ၊ ချုံတွေကလည်း ရှုပ်ကရှုပ်ပါဘိသနဲ့"

"ဒီလိုဆိုရင် လူတစ်ယောက်ကို ခြေကျင်လျှောက်ပြီး အကြည့်ခိုင်းပါလား"

"အောင်မယ်လေး...၊ ဘယ်နေရာရယ်လို့ သေသေချာချာမသိဘဲ ခြေကျင်လျှောက်ကြည့်ခိုင်းရရင်၊ တစ်လနဲ့တောင် ပြီးမှာမဟုတ်တော့ဘူး"

□

mgyoe.com

mgyoe.com

# အခန်း (၄)

**စတုတ္ထနေ့**

မိုးကြိုးခသဖြင့် အစပျိုးခဲ့သော မီးကလေးမှာကား၊ အဆီးအတား မရှိ၊ အေးအေးဆေးဆေး လောင်နေလေသည်။ ယနေ့ မီးလောင်သော နယ်မှာ ဆယ့်နှစ်ပေမျှ ကျယ်လာလေပြီ။ သစ်ကိုင်းခြောက်အကြီးစား ကလေးများနှင့်တွေ့သောအခါ၊ မီးတောက်ကလေး ကြီးလာ၏။ မတွေ့ ပြန်လျှင်လည်း ငြိမ်သွားပြန်၏။ ဤနည်းအားဖြင့် တစ်လက်မထက် တစ်လက်မ နယ်ကျယ်၍လာတိုင်း၊ သစ်ရွက်သစ်ကိုင်းခြောက်များ ပို၍ တွေ့လာရာ၊ တစ်နေ့ထက်တစ်နေ့ မီးအားကောင်းလာခဲ့၏။ ဤသို့ အောက်တွင် လျှို၍လောင်နေခြင်းကြောင့်လည်း ညအချိန်၌ နှင်းနှင့် မတွေ့ဘဲ အကာအကွယ်ရနေ၏။

မီးအား တဖြည်းဖြည်းကောင်း၍လာသောအခါ၊ နှင်းကိုလည်း မကြောက်တော့ချေ။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသကဲ့သို့ အပူရှိန်က နိုင်၍သွားလေတော့သည်။ ယခုအခါ၌ ထိုမီးကလေးမှာ အတန်ငယ် အားကောင်းလာပြီဖြစ်ရာ၊ သယောင်း၍နေသော သစ်ကိုင်းခြောက်ကလေး

mgyoe.com

mgyoe.com


များကို စွဲပြီး၊ နယ်ချဲ့ရာ၌ လောင်စအချိန်ကထက် ပိုပြီးမြန်လာလေသည်။

ထိုအခါတွင် တောင်ကြားကြီး၌ လေရူးကလေးက ဝင်၍မွှေ့ပြန်၏။ ထိုလေ၏အရှိန်ကြောင့် ထင်းရှူးတောကြီးတစ်တောလုံး ဟိုယိမ်းသည်ယိမ်းနှင့်၊ အရက်မူးသမားလို ဂနာမငြိမ်တော့ချေ။ သို့ရာတွင် လေတိုက်နေသောနေရာမှာ သစ်ပင်ထိပ်ဖျားဆီတွင်ဖြစ်၍ မြေပြင်၌ မပြင်းထန်လှချေ။ သို့ပင်ဖြစ်စေကာမူ၊ အဆိုပါ မီးရောင်ကလေးမှာကား၊ လိမ္မော်ရောင် မီးတောက်ကလေးများ ထွက်ပေါ်လာသည်အထိ အင်အားပြည့်တင်းသွားလေပြီ။ အပေါ်ယံ လေငြိမ်၍ သွားပြန်သော်၊ မီးတောက်ကလေး အနည်းငယ် ပြန်၍အရှိန်လျော့သွား၏။

* * *

ဒေ့ဗ်ဟာလီဒေးသည် စားပွဲခုံမြင့်မြင့်ကြီးတစ်လုံးတွင် ကုလားထိုင်မြင့်တစ်ခုဖြင့် ထိုင်ကာ မိုးလေဝသမြေပုံများကို အပြီးသတ် ကြည့်ရှုမှတ်သား၍နေ၏။

ထိုနေ့မှာ ကြာသပတေးနေ့ဖြစ်ရာ၊ တစ်ပတ်အတွက် ရာသီဥတုခန့်မှန်းခြေကို အသေအချာသိရှိနားလည်အောင် ပြီးခဲ့သည့် တနင်္လာနေ့မှစ၍ နေ့စဉ်အခြေအနေကို ပြန်လည်စစ်ဆေးကြည့်ရှုနေခြင်း ဖြစ်၏။ ထိုမြေပုံအရ သိရသည်မှာ ပစိဖိတ်သမုဒ္ဒရာအတွင်း၌ လေထန်နေ၍ အမေရိကတိုက်ဘက်သို့ တိုက်ခတ်နေရာ ဗြိတိသျှ ကိုလံဘီယာနယ်ဆီမှ မွန်တာနာနယ်အထိ ရောက်လာဖွယ်ရာ ရှိသည်ကို သိရလေသည်။

မြောက်ပိုင်းတွင်မူ၊ အလက်စကားနယ်နှင့် မနီတိုဘာနယ်တို့တွင် လေမုန်တိုင်းအနည်းငယ်ကျသည်ဟု တွေ့ရ၏။ ကယ်လီဖိုးနီးယားနယ်တွင် လေ၏အရှိန်မှာ အနည်းငယ်ပျော့၏။ သို့ရာတွင် ဆီရာနီဗာဒါနယ်တစ်ဝိုက်တွင် လေထန်၍ မိုးထစ်ချုန်းရွာသွန်းခဲ့သည်ကို တွေ့ရလေ

mgyoe.com

mgyoe.com


သည်။ ဤကား မက္ကစီကိုပင်လယ်ကွေ့တွင်းမှ လေပြင်းမုန်တိုင်းများ ဝင်၍မွှေ့သွားခြင်း ဖြစ်တန်ရာ၏။ လေ၏အရှိန်ညီတူပြသော မျဉ်းကြောင်းများကို လိုက်၍ကြည့်ရာ ရိုင်ယိုဂရန်ဒီ မြစ်ဝှမ်းတစ်လျှောက်၊ နယူးမက္ကဆီကိုနယ်နှင့် အရီဇိုနာနယ်တို့မှာ မျဉ်းတစ်ကြောင်းတည်း ရှိသည်ကို တွေ့ရလေသည်။ ဤနယ်နှစ်နယ်တွင် တောင်များ ထူထပ်သည်ဖြစ်ရာ လေသည် ထိုတောင်များကို ဖြတ်ကျော်၍၊ ဆီရာနီဗားနယ်ဘက်သို့ရောက်ပြီးနောက် မိုးထစ်ချုန်း ရွာသွန်းခြင်းဖြစ်ဟန်တူလေသည်။

အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့ မြေပုံများတွင် မိုးထစ်ချုန်းရွာသွန်းခြင်း မရှိဟု ဖော်ပြထား၏။ ယနေ့ (ကြာသပတေးနေ့) မြေပုံတွင်မူကား၊ တနင်္လာနေ့ကကဲ့သို့ပင် လေထန်စရာအကြောင်းရှိသည်ကို တွေ့ရလေသည်။ အဘယ်ကြောင့်ဆိုသော်၊ ပင်လယ်သမုဒ္ဒရာတွင်းမှ မိုးသက်လေမှာ အမေရိကတိုက်ဘက်သို့ တစ်ဖန်ဦးလှည့်နေပြန်သောကြောင့် ဖြစ်၏။ မြောက်ဘက် မနီတိုဘာနယ်၌ လေမုန်တိုင်း ကျရောက်နေပြီးလျှင် အလက်စကားတွင်လည်း ထိုနည်းအတူ လေပြင်းထန်နေပြန်သည်။

သို့ရာတွင် မြေပုံကို အသေအချာပြန်၍ ကြည့်သောအခါ၌ အလက်စကားနယ်၌ ယနေ့လေပြင်းထန်နေသည့်ဒေသမှာ လွန်ခဲ့သည့် တနင်္လာနေ့က မုန်တိုင်းကျသည့်ဒေသ၏ တောင်ဘက် မိုင် ၂၀၀ ခန့် ဝေးကွာသည်ကို တွေ့ရ၏။ ယနေ့ လေမှာ ပို၍ပြင်းထန်၏။ ဤလေသည် မိုးသက်လေဖြစ်နိုင်ဖွယ်ရှိသောကြောင့် အများတောင့်တနေသည့်အတိုင်း မိုးရွာကောင်းရွာပေမည်။ သို့ရာတွင် နွေရာသီ၌ ရုတ်တရက် ချက်ချင်းဆိုသလို မိုးရွာချင်မှ ရွာသည် ဖြစ်ရာ၊ တစ်နေ့ခြားပြီးမှ ရွာကောင်းရွာပေမည်။ ဤကား၊ မိုးလေဝသခန့်မှန်းခြေဆရာတို့ ထုတ်ပြန်လေ့ရှိသော "ယနေ့ မထူးခြား" ဟူသော အခြေအနေမျိုးပေ။

* * *

mgyoe.com

mgyoe.com


နံနက် ၁၁ နာရီ ၃၂ မိနစ်အချိန်တွင် "ဘတ်ဂျာဟီးလ်' မျှော်စင်စောင့်သည် မော်တော်ကားလမ်းကြီး အနီးတစ်နေရာတွင် မီးခိုးမြင်သည်ဟု အကြောင်းကြား၏။ ဤ ဆပ်ဖော့နယ် သစ်တောရုံးမှ တောမီးသတ်သမားများမှာ ချက်ချင်း အလုပ်ရှုပ်သွားတော့လေသည်။

ထိုမီးသတ်ဌာနမှူးသည် အော်ကြီးဟစ်ကျယ်ဖြင့် လူစုရတော့၏။ "ဟေ့ကောင်တွေ မြန်မြန်လုပ်ကြဟေ့၊ ခွေးမသား မော်တော်ကားသမားတွေ၊ တောထဲကို စီးကရက်တို လွှင့်ပစ်သွားပြန်ပြီ ထင်တယ်" ဟု ပြောရင်း ရေစည်ကားပေါ်သို့ အလျင်အမြန်တက်ကြရလေသည်။

ဘာလိုသစ်တောရုံးမှ စာပေးစာယူစာရေးမှာလည်း တယ်လီဖုန်းကို ကောက်ယူပြီး အနယ်နယ်သို့တစ်ဆင့် သတင်းပေးရပြန်၏။ ထိုနယ်မှ မီးသတ်ကားကြီးလည်း မီးသတိပေးခေါင်းလောင်းတီးပြီး မဆိုင်းမတွ ထွက်ခွာသွားလေသည်။

ဆပ်ဖော့နယ်၊ ရှီဘာနယ်နှင့် ဘာလိုနယ် သုံးနယ်စလုံးတွင် သစ်တောအလုပ်သမားအားလုံး ချက်ချင်းဆိုသလို နီးရာကားများပေါ်သို့ အပြေးတက်ပြီး၊ မီးမြင်သောနေရာသို့ အပြင်းနှင်သွားကြ၏။ တယ်လီဖုန်းမရှိသော နေရာဒေသများသို့လည်း ရေဒီယိုဖြင့် အဆက်မပြတ် သတိပေးအကြောင်းကြားရ၏။ 'မိဗာ' သစ်စက်ကလည်း၊ မီးသတိပေးဥဩကို ဆွဲလိုက်ရာ၊ ကြားကြသမျှသော သစ်တောအလုပ်သမားအပေါင်းသည် အလုပ်များကို တစ်မုဟုတ်ချင်းရပ်ပြီး၊ ထိတ်လန့်တကြားဖြစ်၍ သွားတော့လေသည်။ အမေရိကန်သစ်တောကြီးများမှာ အစအဆုံးမရှိဆိုသလို ကြီးကျယ်လှသည်ဖြစ်ရာ တောမီးလောင်ပြီဆိုလျှင် သာမန်မဟုတ်ဘဲ မယုံနိုင်လောက်အောင် ပြင်းထန်သောအဟုန်ဖြင့် ကြောက်မက်ဖွယ်လောင်လေ့ရှိကြသဖြင့် အထူးစိုးရိမ်ကြခြင်း ဖြစ်လေသည်။

သစ်တောဝန်ထောက် မစ္စတာဂျုံးစ်သည် ရုံးသို့ကားဖြင့် ချက်ချင်း

mgyoe.com

mgyoe.com


ရောက်ရှိလာပြီး၊ ခန့်ခွဲရေးအရာရှိထံသို့ အပြေးကလေးသွား၏။

"ဘယ်နေရာမှာ လောင်တာလဲ အာနီးလ်"

"ဂက်ဘရို မော်တော်ကားလမ်းဘေးနားမှာပါ"

"ဟာ... ဒါဖြင့် မြန်မြန်သွားမှပဲ"

သစ်တောကြီးအတွင်းရှိ မျှော်စင်စောင့်အားလုံးသည် မီးလောင်သည့်အကြောင်းကို သတင်းရပြီးဖြစ်လေ၏။ တချို့ကလည်း မိမိတို့မျှော်စင်ပေါ်ရှိ မီးနေရာရှာသော ကိရိယာကလေးများနှင့်နေရာကို ရှာပြီးလျှင် စောင့်ကြည့်နေကြလေသည်။

စယ်ရိုဂေါ်ဒိုမျှော်စင်ပေါ်မှ နေရာရှာကြည့်သောအခါ မီးလောင်သောနေရာမှာ ၂၁၂ ဒီဂရီဆီတွင်ဖြစ်ကြောင်း တွေ့ရလေသည်။ သို့ရာတွင် ကြားတွင် တောင်တစ်လုံးခြားနေသောကြောင့်၊ မီးခိုးကို ချက်ချင်းမမြင်ရချေ။ နောက်မှ တဖြည်းဖြည်း မီးခိုးတို့သည် တောင်ကိုကျော်၍ ကောင်းကင်သို့တက်လာသည်ကို တွေ့ရ ၏။ ၎င်းမီးကိုကြည့်နေသော ဂျူဒစ်သ်မှာ ထိုမီးခိုးများကို ကြည့်ရင်း ရင်ကလေးပင် ခုန်၍လာ၏။

တောမီးလောင်သောအခါ တယ်လီဖုန်းများ အလုပ်ရှုပ်နေသဖြင့် ရေဒီယိုပါကူပြီး သတင်းလွှင့်ပေးရ၏။ မျှော်စင်စောင့်အားလုံးကို ရေဒီယိုမှ နားထောင်နေကြရန် ဌာနချုပ်က ညွှန်ကြားထားရာ မီးနှင့်ပတ်သက်သော သတင်းအစုံကို မျှော်စင်တိုင်း ကြားသိရလေသည်။ ဂျူဒစ်သ်မှာ ရေဒီယိုနားထောင်ရုံဖြင့် အားမရနိုင်သေးဘဲ ဝရန်တာကလေးသို့ထွက်ပြီး လည်ပင်းတရှည်ရှည်ဖြင့် ထိုမှဤမှ မျှော်ကြည့်မိသေး၏။ မနေ့တစ်နေ့က မိုးကြိုးခ၍သွားသောနေရာကိုလည်း မကြာမကြာ မျှော်၍မျှော်ကြည့်လေသည်။ အခြားနေရာ၌ မီးလောင်နေသည်ဟုဆိုသဖြင့် မိမိ၏နယ်ကိုလည်း စိတ်မချရှာချေ။

သစ်တောဝန်ထောက် မစ္စတာဂျူးစ်သည် မီးလောင်ရာနေရာသို့

mgyoe.com

mgyoe.com


၁၂ နာရီ ၁၁ မိနစ်အချိန်တွင် ရောက်၏။ ထိုအချိန်တွင် ဆပ်ဖော့နယ်စီးတောအုပ်မှာ မိမိအရင်ဦးအောင် ရောက်ရှိနှင့်ပြီးဖြစ်လျက်၊ မီးသတ်၍ပင် နေလေပြီ။ ဂျုံးစ်သည် မီး၏အခြေအနေကို လုံးဝနားလည်နိုင်အောင် မီးလောင်နေသည့် နေရာတစ်ခုလုံးကို ပတ်၍ကြည့်ရှုရလေသည်။ အမှန်မှာ ဝန်ထောက်အရင့်မာကြီး တစ်ယောက်အနေနှင့် မီးသတ်ရာနေရာ၌ ဘာမျှလုပ်စရာမရှိသည် မှန်သော်လည်း ဂျုံးစ်၏စိတ်တွင်း၌ကား ဂေါ်ပြားတစ်ချောင်းကိုကိုင်ပြီး ကိုယ်ထိလက်ရောက်ဝင်၍ အလုပ်လုပ်လို၏။ သို့ရာတွင် ဤသို့ မိမိကိုယ်တိုင် ဝင်လိုက်လျှင် ငယ်သားများ စိတ်ဓာတ်ကို တစ်မျိုးတစ်ဖုံဖြစ်သွားစေမည် ဖြစ်သောကြောင့် မတင့်တယ်ချေ။ နယ်စီးတောအုပ်ကသာလျှင် ဤသို့အလုပ်မျိုးကို တာဝန်ယူရမည် ဖြစ်လေ၏။ သို့ဖြစ်ရာ ဘာမျှလုပ်စရာမရှိသည့်အတူတူ နေရာအနှံ့လျှောက်၍ ကြည့်နေခြင်းက အရာရောက်ဦးမည်ဟု ယူဆပြီး လှည့်၍နေရတော့၏။

၁၂ နာရီ ၄၂ မိနစ်အချိန်တွင် ဘာလိုနယ်စီးတောအုပ် ဘတ်လီ ရောက်၍လာ၏။

"ဩော်... ဝန်ထောက်မင်းပါကလား၊ မီးကိုတော့ နိုင်နေပုံပေါက်ပါပြီ"

နောက်ထပ် ဘတ်လီသည် စကားများများမပြောတော့ဘဲ၊ မီးအားကြီးနေသည့်နေရာဆီသို့ ကိုယ်တိုင်ဝင်ပြီးကူညီ၏။ နေကလည်း ပူပြင်းရသည့်အထဲတွင် လေကလည်း တိုက်နေပြန်သောကြောင့်၊ မွန်းတိမ်း ၂ နာရီထိုးသောအခါ၊ ဘတ်လီမှာ တစ်ကိုယ်လုံး ပြာများဖြင့် မည်း၍ နေရှာတော့၏။

မိုးလေဝသ ခန့်မှန်းရေး အရာရှိ ဒွေ(ဗ်) ဟာလီဒေးသည် နေ့လယ် ၂ နာရီခွဲအချိန်တွင် ရောက်၍လာ၏။ မီးလောင်ရာ၌ ဟာလီဒေးအဖို့ ကြည့်ရှုနေရန်မှအပ၊ ဘာမျှအကြောင်းမထူးသော်လည်း၊ ကြဲ့ဖူးအောင်

mgyoe.com

mgyoe.com


ရောက်၍လာခြင်းဖြစ်၏။ ဟာလီဒေးသည် အချိန်အတန်ကြာပင် မီးခိုးလုံးများ ကောင်းကင်သို့တက်သွားသည်ကိုလည်းကောင်း၊ တစ်နေရာမှ တစ်နေရာသို့ ကူးစက်ပုံကိုသော်လည်းကောင်း၊ စိတ်ဝင်စားစွာဖြင့် ကြည့်ရှုနေလေသည်။ ၎င်း၏အလုပ်ဖြစ်သော မိုးလေဝသ ခန့်မှန်းခြေပညာနှင့်ပတ်သက်၍၊ မီးနှင့်လေ ဆက်သွယ်ပုံကို လေ့လာနေဟန်ရှိလေသည်။ ဤသို့အခွင့်ရတိုင်းလေ့လာမှလည်း တကယ့်လုပ်ငန်းတွင် ဗဟုသုတရှိမည်ဖြစ်၏။

သစ်တောရုံးမှ ခန့်ခွဲရေးအရာရှိ အာနိုးလ်ဆိုရင်ဆန်မှာမူ၊ မီးလောင်ရာနေရာသို့မရောက်လာချေ။ ထိုမီးမှာ မော်တော်ကားပေါ်မှ တစ်စုံတစ်ယောက်က အမှုမဲ့အမှတ်မဲ့ စီးကရက်တိုကလေးတစ်တိုကို ပစ်၍ချခဲ့ခြင်းကြောင့် ယခုအခါ၌ အဖိုးတန်သော သစ်တောမှာ ဧက ၃၀၀ ခန့်ကို မီးလောင်ဆုံးရှုံးစေခဲ့လေပြီ။ ယခုအချိန်အထိ ဤတစ်ကြိမ်လောင်သော မီးမှာ အကြီးကျယ်ဆုံးဖြစ်လေတော့၏။

ဆိုရင်ဆန်မှာ ရုံးမှနေပြီး တစ်တောလုံးရှိ သစ်တောအရာရှိနှင့် အမှုထမ်းအားလုံးကို အကြောင်းကြားပြီးဖြစ်၏။ ယခုအချိန်၌ မီးသတ်ကိရိယာများနှင့် လူပေါင်းမြောက်မြားစွာ မီးလောင်ရာ တစ်နေရာသို့ ရောက်ရှိနေပြီ ဖြစ်၏။ ညပိုင်းတွင် တာဝန် ယူရန်ပင် လူစုခွဲ၍ပြီးလေပြီ။ ခရိုင်ဌာနချုပ်နှင့်တကွ ဆန်ဖရန်စစ္စကိုမြို့ရှိ တိုင်းဌာနချုပ်သို့ပါ အကြောင်းကြားပြီးလေပြီ။ အနီးအနားပတ်ဝန်းကျင်ရှိ သစ်တောများကိုလည်း သတိနှင့်နေရန် အချက်ပေးပြီးဖြစ်၏။ တာဟို၊ ပလူးမတ်စ်နှင့် မင်ဒိုစီနိုနယ်တို့မှ အမှုထမ်းများကလည်း အရေးရှိလျှင် အသင့်ကူညီရန် ပြင်ဆင်ပြီး ဖြစ်၏။ တောင်ဘက် မိုင်ပေါင်း ၅၀၀ ဝေးကွာသော "ဘားဘင့်" လေယာဉ်ပျံကွင်းတွင်၊ လူတင်လေယာဉ်ပျံကြီးတစ်စင်းမှာလည်း အကူအညီလိုလျှင် မီးသတ်သမားများ ပို့ဆောင်ပေးရန် အသင့်ဆိုက်၍ ထားလေပြီ။

mgyoe.com

mgyoe.com


သို့ရာတွင် ကံကောင်းထောက်မသဖြင့် မီးကို အနည်းငယ် အုပ်ထိန်း၍ရသောအခြေအနေသို့ ရောက်သွား၏။ ညနေ ၃ နာရီ ၂၉ မိနစ်အချိန်တွင် ဝန်ထောက် မစ္စတာဂျုံးစ်ထံမှ တယ်လီဖုန်းလာရာ မိမိတို့သည် မီးကို နောက်ထပ်မပျံ့အောင် ထိန်းထားနိုင်ပြီဟု မျှော်လင့်ကြောင်းဖြင့် သိရလေသည်။

* * *

တနင်္လာနေ့က မိုးကြိုးခသဖြင့် စွဲခဲ့သော မီးကလေးမှာကား အရှိန်မသေဘဲ သစ်ရွက်သစ်ကိုင်းခြောက်များအောက်တွင် ရှေ့သို့ တဖြည်းဖြည်းတိုးနေ၏။ ထိုသို့နယ်ချဲ့၍နေရာ၌ တောင်ခါးပန်းမှ အပေါ်သို့သာ ထိုးတက်နေသည်ဖြစ်သော်လည်း လေကြောင်းကို လိုက်၍ တောင်နံဘေးကိုလည်း မီးလမ်းတစ်ကြောင်းပတ်၍ ခွဲသွားပြန်၏။ သို့ဖြင့် မီးလောင်ရာ မျက်နှာပြင်မှာ မူလကထက် များစွာကျယ်ပြန့်လာတော့၏။ ယခုအခါ၌ ပေ နှစ်ဆယ်ခန့် ကျယ်ပြန့်နေလေပြီ။ မီးခိုးတွင်လည်း သစ်ကိုင်းခြောက်နှင့်ဆူးပုံများ အစုလိုက်အပြုံလိုက်ရှိနေပြန်သဖြင့်၊ လောင်စာကြောင့် မီးအား တဖြည်းဖြည်း တိုးတက်၍သာ နေတော့၏။

ရှေ့တွင် သစ်ပင်ခြောက်ကြီးတစ်ပင် လဲပြီး ကန့်လန့်ခံနေ၏။ ထိုသစ်တုံးကြီးမှာ ခြများစားထားခြင်းကြောင့် ပင်စည်တွင် မြောင်းတွေ ထ၍နေလေသည်။ မနီးမဝေးတွင်မူကား ကွက်လပ်ကလေး တစ်ကွက်ရှိပြီးလျှင် ထိုကွက်လပ်ဆုံးသော် ဆယ်ပေခန့်မြင့်သော သစ်ပင်ကလေးများ ပြည့်ကျပ်စွာပေါက်၍နေလေသည်။ ထိုသစ်ပင်ကလေးများ ပေါက်နေပုံမှာ ကျပ်လွန်းလှသဖြင့် သန်သန်စွမ်းစွမ်းမရှိလှဘဲ တချို့မှာမူ အောက်ပိုင်း အကိုင်းကလေးများမှာ ခြောက်၍ပင်ကုန်ပေပြီ။

❐

mgyoe.com

mgyoe.com

# ပဉ္စမနေ့

မီးမှာ ရှေ့သို့သာ တဖြည်းဖြည်းတိုး၍နေရာ၊ လဲနေသော သစ်တုံးဆီသို့ရောက်ပြီး အမြစ်ဘက်မှ စပြီး စွဲလေတော့သည်။ ဆွေးမြည့်နေသော အမြစ်များမှ မီးတောက်ကလေးပင် ထ၍တောက်လေပြီ။ ထို့နောက် မီးစွယ်တစ်စွယ်သည် သစ်တုံး၏ခါးလယ်မှ စွဲပြန်သည်။ ဤနည်းအားဖြင့် သစ်တုံးမြစ်ခြေမှလည်းကောင်း၊ ခါးဆီမှလည်းကောင်း၊ နှစ်နေရာ တစ်ပြိုင်တည်း မီးစွဲတော့၏။ မီးလောင်၍ ကောင်းသော ထင်းရှူးသားဖြစ်ရကား မိနစ်အနည်းငယ်အတွင်း မီးညွှန့်မှာ လူတစ်ရပ်သာသာ မြင့်အောင် တက်လေသည်။ သို့ရာတွင် တစ်တောလုံး တစ်တောင်လုံးက ဂရုစိုက်နေကြသော မီးကြီးမှာ မီးခိုးများနှင့် ရောနေသဖြင့် မည်သူမျှ သတိမထားမိကြချေ။

*  *  *

အာနိုးလ်ဆိုရင်ဆင်၏ အခန်းတံခါးကို အပြင်မှခေါက်သံ ကြားရ၏။ ထို့နောက် မိုးလေဝသခန့်မှန်းရေး အရာရှိ ဒေ့(ဗ်) ဟာလီဒေးဝင်လာလေသည်။

mgyoe.com

mgyoe.com



"လာဟေ့... ဒွေဖ်" ဟု ဆိုရင်ဆင်က ဖိတ်ခေါ်လိုက်၏။

"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ လာတာပါ"

"ဟုတ်တယ်၊ အခု မီးလောင်တာနဲ့ပတ်သက်ပြီး မင်းသဘော ဘယ်လိုရှိသလဲ စုံစမ်းချင်လို့ပဲ။ အခု မိုးလေဝသအခြေအနေ ဘယ်လိုများ ပြောင်းလဲသေးသလဲ"

"အခြေအနေတော့ မထူးခြားပါဘူး။ ဒါပေမဲ့ ဗြိတိသျှ ကိုလံဘီယာ နယ်ဆီမှာတော့ လေမုန်တိုင်းကျနေတယ်။ အဲဒီလေဟာ ဘယ်ဆီကို လာဦးမယ်ဆိုတာ မပြောနိုင်သေးပါဘူး"

"ဒွေဖ်... မင်းအလုပ်ကို ကောင်းကောင်းနားလည်ရဲ့မဟုတ်လား"

"ကျွန်တော့်ကို အကဲခတ်နေတယ် ထင်ပါရဲ့" ဟု ဒွေဖ်က ပြုံးပြီး ပြန်ပြော၏။

"အေး...၊ လူဆိုတာ အကဲခတ်နိုင်မှ တော်ရုံကျတာကွ။ စက်နဲ့ မတူဘူး။ စက်တစ်လုံးကို ကြည့်ရင် ဘယ်နေရာမှာ အသုံးဝင်မယ်၊ ဘယ်လိုကိုင်ရတွယ်ရမယ်ဆိုတာ မြင်မြင်ချင်း သိနိုင်တယ်။ လူကတော့ ဒီလိုအကဲစမ်းတာ မလွယ်ဘူး။ လူ့စိတ်ဟာ မျောက်စိတ်နဲ့ အတူတူပဲလို့ ဆိုတယ် မဟုတ်လားကွ၊ အပြောင်းအလဲမြန်လွန်းလို့ မမှားအောင် သေသေ ချာချာစုံစမ်းရတယ်ကွ"

* * *

ပွန်ဒါရိုစာသစ်တောကြီးအတွင်း၌ သစ်တောအရာရှိများ အရောက် အပေါက် နည်းသောဒေသ များစွာတွင် မီးသတ်အဖွဲ့ငယ်များ ထားရှိ ၏။ ထိုအဖွဲ့များ၏တာဝန်မှာ မတော်တဆ မီးစွဲလောင်ခြင်းမရှိရအောင် သစ်ကိုင်းသစ်ရွက်ခြောက်များကို ရှင်းလင်းခြင်းအပြင်၊ အကယ်၍ တော မီးလောင်ပြန်ပါကလည်း ချက်ချင်းဆိုသလို မပျံ့နှံ့မီ ငြိမ်းသတ်ရန်

mgyoe.com

mgyoe.com


ဖြစ်လေသည်။ ထိုသစ်တောအတွင်း 'ကာရီဘော်လိတ်' အရပ်တွင်ရှိသော မီးသတ်အဖွဲ့ကလေးမှာ၊ အထက်တန်းကျောင်းမှ ကျောင်းထွက်ခါစ သူငယ်ကလေး ငါးယောက်နှင့် ဖိုမင်တစ်ယောက်တို့ ဖြစ်၏။ ဖိုမင်လုပ်သူမှာ 'စလပ်ဂါအိုနီးလ်' ဆိုသူဖြစ်လေသည်။

စလပ်ဂါမှာ ဤအလုပ်ကို မဝင်ခင်က၊ ကြေးတန်းစား လက်ဝှေ့သမားတစ်ယောက်ဖြစ်ခဲ့၏။ အသက် ၃၀ မျှပင် ရှိသေးပြီးလျှင်၊ တောင့်တင်းသန်မာလှ၏။ ကာယဗလဖွံ့ဖြိုးသူတစ်ယောက် ဖြစ်ခြင်းကြောင့် ၎င်း၏တပည့်ငါးယောက်က ၎င်းကို အထူးလေးစားကြလေသည်။

စလပ်ဂါတို့အဖွဲ့သည် တောမီးများ စ၍လောင်သော နေရာပေါင်းများစွာသို့သွားရောက်ပြီး မီးသတ်ခဲ့ဖူးပြီဖြစ်ရာ၊ လူငယ်တို့ ဘာဝအားဖြင့် ဤသို့ တပျော်တပါးကြီး လုပ်ရသောအလုပ်တွင် အထူးပင်ပျော်ရွှင်နေကြလေသည်။

ယနေ့တွင် စလပ်ဂါတို့လူစုမှာ တောရှင်းရန် ထွက်၍နေသည်ဖြစ်ရာ၊ ရှေ့ဆုံးမှ လူငယ်ကလေးတစ်ယောက်က ခေါင်းဆောင်ပြီး လမ်းပြနေ၏။ မကြာမီ ချုံကြီးတစ်ချုံသို့ ရောက်လာကြလေ၏။ ရှေ့ဆုံးမှ လမ်းပြက...

"ဟောဒီချုံကြီးကို ဘယ်ဘက်က ပတ်သွားရင် နီးမလဲဟေ့" ဟု နောက်မှလူများအား ပြန်၍မေးလေသည်။ စလပ်ဂါမှာ စိတ်မရှည်သလို ရှေ့သို့တက်လာပြီးနောက်...

"ဟကောင်ရ၊ ချုံဆိုတာ ဆားကပတ်ပြီး မသွားရဘူး။ ဟောဒီလို ဟောဒီလို အတင်းတိုးသွားရတယ်ကွ" ဟု စိတ်လိုက်မာန်ပါ ပြောရင်း၊ ချုံတွင်းသို့ အတင်းတိုးဝင်သွားရာ နောက်လိုက်တပည့်များလည်း ၎င်းနောက်သို့ တပျော်တပါးလိုက်ကြလေသတည်း။

ပွန်ဒါရိုစာသစ်တောအတွင်းရှိ အခြားအလုပ်ကြမ်းသမားပေါင်း

mgyoe.com

mgyoe.com


များစွာမှာလည်း လူကြမ်းများပင် ဖြစ်ကြ၏။ ဘာနီဗူးလစ်ဆိုသူ သဘော်သားဟောင်းတစ်ယောက်မှာ မီးသတ်သမားအလုပ်သို့မဝင်မီ၊ "ကြောင်အရေခွာသူ" တစ်ယောက်ဖြစ်၏။ ကြောင်အရေခွာသူဟုဆိုရာ၌၊ တကယ့်ကြောင်၏အရေပြားကိုခွာသူ မဟုတ်ချေ။ လယ်ထွန်စက် မောင်းသူများကို ပြောင်၍ခေါ်သောအမည် ဖြစ်၏။ ထိုစကားဖြစ်ပေါ်လာပုံအစမှာ၊ ရှေးရှေးနွားဖြင့် လယ်ထွန်သောခေတ်မှ ပေါ်၍လာ၏။ အမေရိကပြည်တွင် ရှေးရှေးက လယ်သမားကြီးတို့သည် နွားဖြင့် လယ်ထွန်ခဲ့ကြသည်ဖြစ်ရာ၊ ကျာပွတ်ကြီးများဖြင့် နွားများကို အရေစုတ်အောင် ရိုက်နှက်လေ့ရှိသည်ကို အစွဲပြု၍၊ ၎င်းတို့ကို 'နွားအရေခွာသူ' တွေဟု ခေါ်ကြ၏။ ထို့နောက် နွားများပျောက်၍ မြင်းဖြင့် လယ်ထွန်သောခေတ်သို့ရောက်သောအခါ၊ လယ်သမားများကို 'မြင်းအရေခွာသူ' တွေဟု ပြောင်း၍ခေါ်ကြပြန်၏။ မြင်းများ၊ နွားများ ခေတ်ကုန်၍ စက်ဖြင့် လယ်ယာလုပ်ငန်းများကို လုပ်ကိုင်သောခေတ်သို့ ရောက်လာပြန်ရာ၊ လယ်ထွန်စက် မောင်းသူတွေကို နောက်ပြောင်ပြီး 'ကြောင်အရေခွာသူ' များဟု ခေါ်ဝေါ်ကြလေတော့သည်။

ဘာနီဗူးလစ်မှာ စိတ်ကြမ်းကိုယ်ကြမ်းဖြစ်၏။ သစ်ပင်များ ခုတ်လှဲရာတွင်လည်းကောင်း၊ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းရာတွင်လည်းကောင်း၊ ကျားစီးဖားစီးဆိုသလို အလုပ်လုပ်လေ့ရှိသည်ဖြစ်ရာ၊ ၎င်း၏ အဖော်များမှာ အထူးပင် ချီးမွမ်းမိကြလေသည်။ ရံဖန်ရံခါတွင်လည်း အကြောင်းမဲ့တစ်ယောက်တည်း စိတ်တို၍နေလေ့ရှိလေသည်။

ဘိုဖော့စ်ဆိုသူ အခြားအလုပ်သမားတစ်ယောက်ကို ၎င်း၏ အဖော်အပေါင်းများက နောက်ပြောင်ပြီး 'ဝိနို' ဟု ခေါ်ကြ၏။ အခိပ္ပာယ်မှာ ဖော့စ်သည် အရက်သမားတစ်ယောက်ဖြစ်ရာ၊ ဈေးအပေါဆုံးနှင့် အကြမ်းဆုံးချက်အရက်ကို မမူးလျှင်မူးအောင် သောက်လေ့ရှိသူဟူ

mgyoe.com

mgyoe.com


ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။ ဘိုဖော့စ်ကဲ့သို့သောလူမျိုးမှာ မကျွမ်းကျင်သော အလုပ်သမားအတန်းအစားဖြစ်၍၊ တောမီးသတ်ဌာနအတွက် အမြောက်အမြား ခန့်ထားသူများဖြစ်၏။ ဖော့စ်၏ကိုယ်လုံးကိုယ်ပေါက်မှာ သေးသွယ်၏။ ငယ်စဉ်ကလေးဘဝကပင် မိမဲ့ဖမဲ့ဖြင့် ကလေးကချေ ကြီးပြင်းလာသူဖြစ်ရာ၊ စိတ်သဘောထား အလွန်သိမ်ငယ်လေသည်။ သူရဲဘောကြောင်သူတစ်ယောက်လည်း ဖြစ်၏။

ထိုနေ့ညနေ ၅ နာရီခွဲသော်၊ မီးလောင်ရာနေရာ၌ မီးများ သေပြီးလျှင် အတော်ငြိမ်သက်သွားပြီဖြစ်သောကြောင့် အချိန်စာရင်းကိုင်သူများက မီးသတ်သမားများကို တစ်ဦးစီခေါ်ယူပြီး၊ လူစစ်၍နေလေပြီ။ အရာရှိများနေရာသို့ ဝန်ထောက်မစ္စတာဂျုံးစ် ရောက်လာပြီးလျှင်၊ တောအုပ်ဘတ်လီအား စကားပြော၏။

"ကဲ... ဘတ်လီ၊ ကျုပ် ဆပ်ဖော့ကို ပြန်မုပဲ ထင်တယ်"

"ကောင်းပါပြီ မစ္စတာဂျုံးစ်၊ ဒီကိုတော့ စိတ်ချသွားပါ၊ ကျွန်တော်တို့အားလုံး ကြည့်ပြီး စီမံထားလိုက်ပါ့မယ်"

"ခင်ဗျားလည်း စောစောပြန်လေ၊ တော်တော်ပင်ပန်းနေပြီ"

"ကိစ္စမရှိပါဘူး၊ ညကတော့ တစ်ညလုံး မအိပ်ရသေးဘူး။ ဒါပေမဲ့ ရိုးနေပါပြီ၊ ဒါလောက်တော့ အပင်ပန်းခံနေကျပါပဲ"

ဝန်ထောက် မစ္စတာဂျုံးစ် ထွက်၍သွားသောအခါ ဘတ်လီသည် သူငယ်ချင်းဖြစ်သူ ရှီဘာနယ် နယ်စီးတောအုပ် ဘင်ရိုချ်အား ဤသို့ ပြော၏။

"ငါတော့ကွာ... ဖားလိုက်တာ သေလုနေပြီ။ ဒါပေမဲ့ သူ့ရှေ့မှာတော့ ဖားတယ်လို့ မပြောချင်ဘူးကွ"


mgyoe.com

mgyoe.com

# အခန်း (၅)

**ဆဋ္ဌမနေ့**

သစ်တုံးကြီးကို မီးလောင်သည်မှာ ယနေ့နံနက် အရုဏ်တက် အချိန်တွင် ထိပ်ဖျားပိုင်းသာလျှင် ကျန်တော့၏။ အရင်းပိုင်းနှင့် အလယ် ပိုင်းမှာ ပြာပုံအတိဖြစ်၍သွားလေပြီ။ ဝေလီဝေလင်းအချိန်တွင် မီးတောက် ကလေးမှာ လေငြိမ်သဖြင့် အပေါ်သို့ ငြိမ်ငြိမ်သက်သက်တိုးပြီး လောင်၍ နေလေသည်။

ညက နှင်းများကျခဲ့သည်ဖြစ်သော်လည်း အပူရှိန်က အားကြီးသော ကြောင့် မည်သို့မျှမဖြစ်ခဲ့ချေ။ မီး၏ဒဏ်ကြောင့် ပတ်ဝန်းကျင်ရှိ သစ်ရွက်၊ သစ်ခက်ခြောက်ကလေးတွေမှာ ပို၍ပင်ခြောက်သွေ့လာခဲ့လေသည်။ တစ်စစီ တစ်စစီ မီးစွဲသည်နှင့်အမျှလည်း မီးတောက်ကြီး၍ ကြီး၍ လာခဲ့လေသည်။ ယခုအခါတွင် မီးလောင်ကွက်မှာ သစ်တုံးကြီးဆီမှ ရှေ့သို့ ၁၀ ပေမျှပင် ရောက်ရှိပြီးလျှင် အကျယ်မှာကား ပေ ၃၀ မျှ ရှိနေလေပြီ။ သစ်ပင်များ ကြိတ်၍ပေါက်နေသော နေရာဆီသို့ မီးဦး ရောက်နေရုံမျှမက မြေဌ်ပုံ၍နေသော ဆူးခြောက်ကလေးများကို စွဲနေပြီ ဖြစ်၏။ နီးရာထင်းရှူးပင်ပေါက်ကလေးတစ်ပင်မှ ထင်းရှူးဆီတို့မှာ

mgyoe.com

mgyoe.com


မီးအရှိန်ကြောင့် တဖြည်းဖြည်း အသံမြည်၍ ဆူလာကာ ရုတ်တရက် မီးထတောက်လေ၏။ ထိုအပင် ပေါက်ကလေးတစ်ပင်လုံး ကုန်သွားသောအခါတွင်မူ မီးတောက်သည် ပြန်၍ငြိမ်ငြိမ် သွားပြန်လေသည်။ ဤသို့ အစရှိသွားသဖြင့် မီးလောင်ကွက်သည် တစ်ပေလောက်ပိုပြီး ကျယ်သွားလေ၏။ သစ်ပင်များ အောက်ပိုင်းမှ အကိုင်းခြောက်များကို စွဲပြီးလျှင် တဖျစ်ဖျစ်မြည်ကာ တောက်လောင်လေတော့သည်။ နောက်ထပ် တစ်မိနစ်ခန့်အတွင်း ထိုချုံကလေးဆီမှ လိမ္မော်ရောင် မီးတောက်များသည် ကောင်းကင်သို့ထိုးတက်သွားလေ၏။ မီးခိုးလုံးမှာလည်း သစ်ပင်များ ထိပ်ဖျားထက် မြင့်၍တက်သွားလေသည်။ သို့ရာတွင် အလင်းရောင် မရှိသေးသောကြောင့် အဝေးမှ မမြင်နိုင်ချေ။

* * *

နံနက် ငါးနာရီခွဲလေပြီ။ ဂျူဒစ်သ်မှာ အိပ်ရာ၌ စောင်များ ထွေး၍ ကွေးနေရာမှ လွန့်စပြုလာ၏။ မျက်စိများကို ဖွင့်ပြီး အရုဏ်တက် အလင်းရောင်ကလေးကို မြင်ရသဖြင့် မထချင်ထချင်နှင့်ထပြီး အရှေ့ဘက်ဆီသို့ မျှော်ကြည့်လိုက်ရာ၊ အံ့အားကလေး သင့်သွားရှာ၏။ ဂျူဒစ်သ် တွေ့ရသောအရာမှာကား၊ ရီဗာ့စ်တောင်တန်း၏ အရှေ့မြောက်ဘက်တွင် မားမားကြီး တည်ရှိနေသော ဟိုးဝဲလ်တောင်ကမ်းပါးယံကြီးကို နောက်ခံပြုကာ၊ ကောင်းကင်သို့ ထိုးတက်နေသော မီးခိုးများ ဖြစ်လေသည်။ ထိုနေရာဆီ၌ ယမန်နေ့က ဘာမျှမတွေ့ရချေ။ ဂျူဒစ်သ်သည် ဝရန်တာကလေးသို့ အပြေးထွက်ပြီး မှန်ဘီလူးဖြင့် အသေအချာ ထပ်မံကြည့်ပြန်ရာ၊ မီးခိုးလုံးကြီးဖြစ်ကြောင်း ကောင်းစွာ သိရလေတော့သည်။

အတွင်းသို့ အပြေးကလေးပြန်ဝင်ခဲ့ပြီးနောက်၊ မီးနေရာရှာသော ကိရိယာကလေးကို လှည့်၍ကြည့်သောအခါ ထိုမီးခိုးမြင်ရသောနေရာမှာ

mgyoe.com